မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914
၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၁၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၆၅)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်	စီးပွားရေးဦးတည်ချက် (၄) ရပ်	လူမှုရေးဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည် ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ
ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တက်ရောက်ကြည်ညို
ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များဆက်ကပ်၊ ဆွမ်းဆန်စိမ်းလောင်းလှူ

ရန်ကုန် မတ် ၁၃

"သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက် ကော်ရော် ပူဇော်သိမှတ် ဂုဏ်ပြုအပ်၏" ဟူသော ဒေသနာတော်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန်(ဂန္ထဓုရ)၊ ပဋိပတ္တိတာဝန် (ဝိပဿနာဓုရ)များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်း၊ ပြည်ပမှ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာလှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်ဆက်ကပ်လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆရာတော်ထံ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်းခဲ့

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ချိန်၌ နယ်ချဲ့ကိုလိုနီတို့၏ ဖိနှိပ်မှုဒဏ်ကြောင့် မြတ်ဗုဒ္ဓ၏ သာသနာရောင်ရှိန် မှေးမှိန်ခဲ့ရသော်လည်း လွတ်လပ်ရေးရရှိပြီးသည့် နောက်ပိုင်းကာလများတွင်မူ အုပ်ချုပ်သူအစိုးရတို့သည် ပြည်တွင်းရှိ သာသနာ့ဦးသျှောင်ဆရာတော်ကြီးများကိုသာမက ပြည်ပရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုဆရာတော်များကိုပါ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များကို စဉ်ဆက်မပြတ် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၉၁ခုနှစ် အောက်တိုဘာ၂၄ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၄၂/၉၁)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အမျိုးအစား၂၀တို့ကို အသစ်တီထွင်ပြဋ္ဌာန်းခဲ့ပြီးနောက် စဉ်ဆက်မပြတ် ယခင်ဆက်ကပ်လှူဒါန်းမြဲ ဘွဲ့တံဆိပ်တော်များနှင့် အသစ်တီထွင်ပြဋ္ဌာန်းသော ဘွဲ့တံဆိပ်တော်များကို ပြည်တွင်းနှင့် ပြည်ပမှ သာသနာတော်ဆိုင်ရာ ထူးခြားသောဂုဏ်အင်္ဂါ အရည်အချင်းနှင့်ပြည့်စုံသည့် ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များအား နှစ်စဉ်ဆက်ကပ်လှူဒါန်းခဲ့ရာ ယခုနှစ် ၁၃၆၇ခုနှစ် ပြာသိုလဆန်း ၆ ရက် (၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ရက်) လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၆)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်းခံရသူများ၏ ဘွဲ့တံဆိပ်အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

ကျောဖုံးသို့ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၁၄ ရက်)

လယ်ယာစိုက်ပျိုးရေးဆိုင်ရာ လမ်းညွှန်ချက်များ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပင်မစီးပွားရေးလုပ်ငန်း ဖြစ်သကဲ့သို့ နိုင်ငံသူ၊နိုင်ငံသားအများစုကြီးဖြစ်သည့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလည်းဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးတောင့်တင်းခိုင်မာမှုကို အထောက်အကူပြုနိုင်မည် ဖြစ်သည်။ တစ်ချိန်တည်းတွင် ပြည်သူလူထု၏ စားဝတ်နေမှု၊ လူနေမှုအဆင့်အတန်းမြင့်မားမှုတို့ကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်စေရန် လိုအပ်ချက်များကို စနစ်တကျဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်၏ မှန်ကန်သော ဦးဆောင်မှု၊ ကြောင်းကျိုးဆီလျော် ခိုင်မာမှုရှိသော မူဝါဒဆိုင်ရာ လမ်းညွှန်မှုတို့အပေါ် အခြေခံ၍ နိုင်ငံ့ဝန်ထမ်းများက ကျွမ်းကျင်တတ်မြောက်မှုဆိုင်ရာ ဂုဏ်သိက္ခာ၊ ဌာန၏ဂုဏ်သိက္ခာ မြင့်မြင့်မားမားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေခြင်းဖြစ်သည်။ ရှေ့ဆက်လက်၍လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဦးထမ်းပဲ့ထမ်း ကြိုးပမ်းဆောင်ရွက်ကာ နိုင်ငံတော်၏ အမျိုးသားရေး ဂုဏ်သိက္ခာ၊ အမျိုးသားရေးစွမ်းအားများကို မြှင့်တင်သွားကြရမည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စပါးပိုလျှံရေး၊ စားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန် ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်ရေး ရည်မှန်းချက်သုံးရပ်ဖြင့် လုပ်ငန်းဆိုင်ရာများကို အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အဓိကသီးနှံများဖြစ်သည့် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ကို သတ်မှတ်ထားသည့် တစ်ဧကသီးနှံအထွက်နှုန်းတိုးတက်ထုတ်လုပ်နိုင်ရေး၊ သီးနှံရောဂါကာကွယ်ရေးနှင့် သုတေသနလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းအနေဖြင့် ချည်မျှင်ရှည်ဝါတစ်ဧကပိသာ၄၀၀အထွက်နှုန်းရရှိရေး၊ ဝါမျိုးစုံ၊ ပိုးစာစိုက်ပျိုးထုတ်လုပ်ရေးနှင့် ဝါဂွမ်းဘေထုပ်၊ ပိုးအိမ်၊ ပိုးချည်ထုတ်လုပ်မှုနှင့် ဝါဂွမ်းဘေထုပ်ဖြန့်ဖြူးမှုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းသည် ရော်ဘာ၊ ဆီအုန်း၊ သီဟိုဠ်သရက်၊ သစ်ဆိမ့်၊ ဆီသပြေပင်များ တိုးချဲ့စိုက်ပျိုးရေး၊ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ခြံစည်းရိုးကြက်ဆူစေ့ကို ကြိတ်၍ရရှိသော ကြက်ဆူဆီသည် စက်ယန္တရားများကို မောင်းနှင်ရာတွင် ဒီဇယ်ဆီအစားထိုး ဇီဝလောင်စာဆီအဖြစ် အသုံးပြုနိုင်သဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်၊ တိုင်းအသီးသီးတွင် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧကေ၊ါးသိန်းစီ ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ဆည်မြောင်းဦးစီးဌာနသည် ဆည်မြောင်းတာတမံ ၁၈၃ခုကို ဘဏ္ဍာငွေကျပ်သန်းပေါင်း ၁၂၀၆၀၀ကျော် ကျခံသုံးစွဲ တည်ဆောက်ပေးခဲ့သဖြင့် လယ်ယာမြေဧက ၂ဒသမ၄သန်းကျော်ကို အကျိုးပြုနိုင်ခဲ့ပြီဖြစ်သည်။ မြစ်ရေတင်စီမံကိန်း၂၉၃ခု ဖြစ်ထွန်းလာပြီး လယ်ယာမြေဧက ၄သိန်းခန့်ကို အကျိုးပြုနိုင်လျက်ရှိသည်။

စက်မှုလယ်ယာဦးစီးဌာနသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများကို တီထွင်ကြိုးပမ်း ထုတ်လုပ်လျက်ရှိသည်။

သို့ဖြစ်ရာ လယ်ယာစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့် စပါးအထွက်တင်း သန်း၁၂၀၀ ထွက်ရှိရေး၊ အဓိကသီးနှံ ၁၀မျိုး၏ တစ်ဧကအထွက်နှုန်း မြင့်မားရေး၊ ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးရေးနှင့် ပို့ကုန်အမယ်သစ် (အမည်သစ်)များ တင်ပို့နိုင်ရေးတို့အတွက် ကဏ္ဍအလိုက် တာဝန်ရှိသူ အသီးသီးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၄-၃-၂၀၀၆
(အင်္ဂါနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၀ ၈။ ပညာခေတ်
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြက်ခင်းစိမ်းနှင့်အိမ်ကလေး”**(အပိုင်း-၅)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကောင်းကင်သိုင်းကွက်”** (အပိုင်း-၁၃)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၃

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၅၉၄)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယမန်နေ့ ညနေ၅နာရီက ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ဆွမ်းဆန်တော်လောင်းလှူ

အခမ်းအနားတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင် ဆရာကြီးများက စေတီတော် ရင်ပြင်တောင်ဘက်မုခ်အနီးရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမှစတင်၍ စေတီတော်အား လက်ယာရစ်လှည့်လည်လျက် ဆွမ်းဆန်စိမ်း အလှူခံကြွရောက်တော်မူကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓ သာသနာနုဂ္ဂဟအသင်း၊ ရွှေတိဂုံစေတီတော် ဗုဒ္ဓဟူး(ညနေ) သန့်ရှင်းရေးအသင်း၊ CMA ပုညကုသလဗဟုကရအသင်း၊ စနေသန့်ရှင်းရေးအသင်း၊ အထက်ပစ္စယာ တံမြက်လှည်းအသင်း၊ သီလရက္ခိတ ဥပါသကာအဖွဲ့၊ ဝေနေယျသုခရေချမ်းစင်အသင်း၊ ရောင်တော်ဖွင့်အသင်းနှင့် ဘာသာရေးအသင်း အဖွဲ့ပေါင်း၆၀ကျော်မှ အလှူရှင်များက ငွေကျပ်သိန်း၁၈၀ကျော်တန်ဖိုးရှိ ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အမှတ် ၆၆၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်နေ ဦးကျော်ကျော်-ဒေါ်ခင်ခင်ဝင်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင်ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့

တွဲဖက်အတွင်းရေးမှူး(၁)ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

အဆုံးအမကိုလွယ်ကူစွာလိုက်နာခြင်းသည်(၃၈)ဖြာမင်္ဂလာထဲ၌မင်္ဂလာအဖြစ်ပါရှိ လူလည်းလူအလျောက်၊ ရှင်လည်းရှင်အလျောက် သက်ဆိုင်ရာအဆုံးအမများအား လွယ်ကူစွာနာယူကျင့်သုံးခြင်းဖြင့် ကြီးပွားဖို့ရာအတွက် အချက်အချာကျ

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆင်ယင်ကျင်းပအပ်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းပူဇော်ပွဲ အခမ်းအနားတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသီလဝံသ မိန့်ကြားတော်မူအပ်သော သမ္မောဒနီယသြဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးအတွက် အားတက်ဝမ်းမြောက်ဖွယ်ရာရှိလှသော ဤဂုဏဝိသိဋ္ဌပူဇာသဘင် ဆင်ယင်ကျင်းပရာသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များ၊ နိုင်ငံတော်အစိုးရအဖွဲ့ပြုသော ဥပါသကာ ဥပါသိကာမအပေါင်းတို့အား သြဝါဒစကား ပြောကြားလိုပါတယ်။

မြတ်စွာဘုရားသည် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဗောဓိမဏ္ဍိုင်မှ အစဉ်အတိုင်း ဒေသစာရီကြွချီတော်မူရာ ကပိလဝတ်နေပြည်တော်သို့ ပထမအကြိမ် ရောက်တော်မူသည်။ ခုနစ်ရက်မြောက်သောနေ့တွင် ခုနစ်နှစ်သားအရွယ်ရှိသော သားတော်ရာဟုလာက–

အဟံ တာတ ကုမာရော ဆတ္တံ၊ ဥဿာပေတွာ စက္ကဝတ္တိ

ဘဝိဿာမိ၊ ဓနေန မေ အတ္ထော၊ ဓနံ မေ ဒေဟိ။ (ဝိ၊ ၃၊ ၃၊ ၂၉၀)

ခမည်းတော်မြတ်ဘုရား၊ သားတော်သည် မင်းသားဖြစ်ပါ၏။ ထီးဖြူကိုစိုက်ထူ၍ စကြဝတေးမင်းဖြစ်ပါအံ့၊ ဖခမည်းတော် အမွေအနှစ်ဖြစ်သော ဥစ္စာကို သားတော်အားပေးတော်မူပါဟု အမွေတောင်းခဲ့ပါသည်။

ထိုအခါ မြတ်စွာဘုရားက လောကီအမွေသည် ဝဋ်ဆင်းရဲသို့ အစဉ်ရောက်စေတတ်၏။ ဆင်းရဲပင်ပန်းခြင်းနှင့်တကွ ဖြစ်၏။ ယခုခါ ရာဟုလာအား ငါဘုရား ဗောဓိမဏ္ဍိုင်၌ရခဲ့သည့် အရိယာဥစ္စာခုနစ်ပါးအမွေကို ပေးအံ့ဟုကြံတော်မူ၍ ရာဟုလာမင်းသားကို ရှင်ပြုပေးရန် အရှင်သာရိပုတ္တရာကို စေခိုင်းတော်မူ၏။

ရာဟုလာမင်းသားသည် ဘုန်းသမ္ဘာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ရာ ရှင်သာမဏေပြုရာ၌ ချီးမြှောက်ကြသော ဆရာများမှာ အရှင်မဟာမောဂ္ဂလာန်က ဆံရိတ်၊ သင်္ကန်းဝတ်ပေး၍ သရဏဂုံဖြင့်ချီးမြှောက်၏။ အရှင်မဟာကဿပက သြဝါဒပေးတော်မူ၍ အရှင်သာရိပုတ္တရာက ဥပဇ္ဈာယ်ပေးကာ အသီးသီး ချီးမြှောက်တော်မူ၏။

ရှင်ရာဟုလာသည် ဇာတ်အားဖြင့်လည်းကောင်း၊ အနွယ်အားဖြင့်လည်းကောင်း၊ အမျိုးအားဖြင့်လည်းကောင်း၊ ရုပ်ရည်ရူပကာအားဖြင့်လည်းကောင်း အထက်တန်းကျ၍ အဘက်ဘက်မှပြည့်စုံသူဖြစ်သည်။ စကြဝတေးမင်းဖြစ်လောက်သည့် ဘုန်းကံပါရမီနှင့် ပြည့်စုံသူလည်းဖြစ်သည်။ သို့ဖြစ်၍ လောကသဘောအရ အဘက်ဘက်မှပြည့်စုံမှုကို အခြေခံပြီး မာန်မာနတက်ကာ အရိုသေတန်တတ်သည်။ ရိုသေထိုက်သူကို မရိုသေဘဲ မလေးမစား ပြုမိတတ်သည်။

ထိုသို့ မပြုမိအောင် သားတော်ရာဟုလာကို မြတ်စွာဘုရားက သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးနှင့်ဆိုင်သော သြဝါဒအမျိုးမျိုးကို ပေးတော်မူသည်။ ရှင်ရာဟုလာအား ဆုံးမသြဝါဒပေးမှုနှင့်စပ်သော သုတ်တော်များမှာ နှစ်ဆယ်ကျော် သုံးဆယ်နီးပါးရှိခဲ့သည်။ တစ်သုတ် တစ်သုတ်မှာလည်း ဆုံးမချက် သြဝါဒတွေများစွာပါရှိပါသည်။

ပါရမီဓာတ်ခံမရင့်သန်သည့် သာမန်ပုဂ္ဂိုလ်တို့အဖို့ ဤသို့ထွေပြားများပြားလှသည့် သြဝါဒတွေကို အဖန်ဖန်အထပ်ထပ်ပေးနေခြင်းဖြင့် ခြေမလှုပ်သာ လက်မလှုပ်သာ လွန်စွာကျဉ်းကျပ် ဘယ်လိုလုပ်နေရတော့မှာလဲဟု ပြောဖွယ်ရာဖြစ်ပါသည်။ သို့သော် သာမဏေရှင်ရာဟုလာကား ထိုကဲ့သို့ပြောဆိုဖို့ဝေးစွ နံနက်စောစောအိပ်ရာမှထပြီးလျှင် သဲတွေကိုလက်ခုပ်ဖြင့်ကျုံးယူပြီး ယနေ့အဖို့ ငါ့အတွက် မြတ်စွာဘုရားထံမှလည်းကောင်း၊ ဆရာဥပဇ္ဈာယ်တို့ထံမှ လည်းကောင်း ဤသဲလုံးများနှင့်အမျှ အဆုံးအမသြဝါဒတွေရလျှင်ကောင်းမှာပဲလို့ တောင့်တပြောဆိုလေ့ရှိသည်။ ရဟန်းသံဃာတော်များကလည်း ရှင်ရာဟုလာအား အဆုံးအမကို လွယ်ကူစွာခံယူကျင့်သုံးတတ်သော သားထူးသားမြတ်အနေဖြင့် ချီးမွမ်းကြပါသည်။

အဆုံးအမကို လွတ်ကူစွာလိုက်နာခြင်းဟာ (၃၈)ဖြာမင်္ဂလာထဲမှာ **“သောဝစဿတာ”** မင်္ဂလာအဖြစ်ပါရှိပါသည်။ လူလည်းလူအလျောက်၊ ရှင်လည်းရှင်အလျောက် သက်ဆိုင်ရာ အဆုံးအမတွေကို လွယ်ကူစွာနာယူကျင့်သုံးခြင်းသည် ကြီးပွားဖို့ရာအတွက် အချက်အချာကျသည့် မင်္ဂလာတစ်ပါးဖြစ်ပါသည်။ အဆုံးအမကို အလွန်လိုလားတဲ့ ရှင်ရာဟုလာအား မြတ်စွာဘုရားက နေ့စဉ်မပြတ် ဆုံးမသည့် သြဝါဒကို ဘုန်းကြီးပြောကြားပါမည်။ အဲဒီ အဆုံးအမသြဝါဒ များကတော့–

ချစ်သားရာဟုလာ၊ သင်ချစ်သားသည် အမြဲမပြတ် အတူပေါင်းသင်းဆက်ဆံမှုကြောင့် သင်ချစ်သား၏ ဥပဇ္ဈာယ်ဆရာ သာရိပုတ္တရာမထေရ်မြတ်ကို မထေမဲ့မြင်မှု၊ အထင်သေးမှုမပြုမိဘဲ ရှိပါ၏လော၊ လူတို့၏ ဉာဏ်ဆီမီးတန်ဆောင်ကို ထွန်းပေးတတ်သော ပညာရှိပုဂ္ဂိုလ် သာရိပုတ္တရာမဟာထေရ်ကို သင်ချစ်သားသည်ပူဇော်သမှု၊ အရိုအသေပြုမှု ရှိပါ၏လောဟု သြဝါဒစကားမိန့်ကြားတော်မူပါသည်။

ထိုအခါ သားတော်ရာဟုလာက **“မြတ်စွာဘုရား၊ တပည့်တော်သည် အမြဲမပြတ်အတူပေါင်းသင်းဆက်ဆံနေထိုင်မှုကြောင့် ပညာရှိအရှင်သာရိပုတ္တရာမဟာထေရ်ကို မထေမဲ့မြင် မရိုမသေမပြုပါ၊ လူတို့၏ ဉာဏ်ဆီမီးတန်ဆောင်ကို ထွန်းပေးတတ်သောပညာရှိပုဂ္ဂိုလ် သာရိပုတ္တရာအရှင်မြတ်ကို တပည့်တော်သည် အမြဲပူဇော်ပါ၏”**ဟု လျှောက်ခဲ့သည်။

ထို့နောက် မြတ်စွာဘုရားက ရှင်ရာဟုလာအား **“ကာမဂုဏ်ငါးပါးကို ပယ်စွန့်၍ သဒ္ဓါတရားဖြင့်အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်ခွာလာသူဖြစ်ရကား ဝဋ်ဆင်းရဲ၏အဆုံးရောက်အောင်ပြုကျင့်ရမည်၊ မိတ်ဆွေကောင်းပေါင်းသင်း၍ အစွန်အဖျားကျသော ကျောင်းများ၌နေထိုင်ကာ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိရမည်၊ ပစ္စည်းလေးဖြာတို့၌ တွယ်တာတပ်မက်မှုမဖြစ်စေရ၊ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၌ လုံခြုံစွာစောင့်ထိန်းရမည်၊ ကာယဂတာသတိအမြဲရှိ၍ သံသရာ၌ ငြီးငွေ့မှုများအောင်ပြုကျင့်ရမည်၊ လှပတင့်တယ်၏ဟူသောအမှတ်နိမိတ်ကိုရှောင်ကြဉ်၍ အသုဘဘာဝနာကို သမာဓိရင့်သန်အောင် ပွားများရမည်၊ အနိမိတ္တဝိပဿနာကိုပွားများ၍ အနိစ္စသညာရရှိကာ မာနာနုသယကိုပယ်စွန့်ရမည်၊ ထိုသို့ပယ်စွန့်နိုင်ခြင်းကြောင့် ကိလေသာခပ်သိမ်း အပူငြိမ်းကာ နေရပေလိမ့်မည်”**ဟု ဆုံးမတော်မူပါသည်။

ဗုဒ္ဓမြတ်စွာသည် သားတော်ရာဟုလာအား အရိယာနယ်ပယ်သို့မရောက်သေးသမျှကာလပတ်လုံး သြဝါဒ ပေးတော်မူတိုင်း ဤသုတ်တော်ဖြင့် အမြဲမပြတ်သြဝါဒပေးတော်မူပါသည်။

ဤသုတ်တော်လာ သြဝါဒစကားများသည် အလွန်မှတ်သားဖွယ်ကောင်း၍ တိပိဋက မင်းကွန်းဆရာတော်ကြီး ရေးသားထားသည့် မှတ်ဖွယ်အချုပ် သရုပ်လင်္ကာမှာ–

မိတ်ကောင်းမှီစေ၊ တောရပ်နေ သုံးလေ မတ္တညု၊
ပစ္စည်းလေးဖြာမတွယ်တာ၊ တဏှာငြိမ်းအောင်ပြု၊
ပါတိမောက္ခသံဝရ သီလလုံစေမှု၊
တံခါးခြောက်တွေ ဣန္ဒြေ ငြိမ်းစေပိတ်ဆို့မှု၊
သတိမြဲရာ ကိုယ်၌သာ၊ ခန္ဓာငြီးငွေ့မှု၊
သုဘနိမိတ် ခွာရှောင်ဆိတ်၊ စျာန်စိတ်ပိုင်အောင်ရှု၊
အနိမိတ္တ ထင်စေမှ မာနက္ခာအောင်ပြု၊
ဤနည်းကျင့်ပေ ဝဋ်သုံးထွေ ငြိမ်းလေမှန်သည်ဟု၊
ရာဟုလာအား တို့ဘုရား ဟောကြားနေ့နေ့မှု .....

ဟူ၍ဖြစ်ပါသည်။

ဤကဲ့သို့ ရာဟုလာသုတ်ဒေသနာတော်နှင့်စပ်ဆိုင်သော သြဝါဒကို နာကြားကြရသော အသင် သူတော်ကောင်းတို့သည်လည်း အရှင်ရာဟုလာကဲ့သို့ အဆုံးအမကိုလိုလားသူ၊ နာယူလွယ်သူများဖြစ်ကြ၍ မိမိတို့နှင့်သက်ဆိုင်ရာ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာများကို ထိန်းသိမ်းနိုင်ကြပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးတရားများကို ရရှိခံစားနိုင်ကြပါစေသတည်းဟု ပတ္ထနာပြုကာ ဘုန်းကြီး၏ သြဝါဒကထာကို နိဂုံးချုပ်အပ်ပါသတည်း။ ။

(သတင်းစဉ်)

ဘရူနိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

ရန်ကုန် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းနိုင်ငံ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ဗိုလ်မှူးချုပ် ပီဟင်း ဒါတူ အင်ဒါရာ ဆ ဂါရာ (ဘီ)ဒါတို ပဒူကာ ဟာဂျီ မိုဟာမက် ယူစွပ် ဘင် အဘူ ဘာကာအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

ဗိုလ်မှူးချုပ် ပီဟင်း ဒါတူ အင်ဒါရာဆူ ဂါရာ (ဘီ) ဒါတို ပဒူကာ ဟာဂျီ မိုဟာမက် ယူစွပ်ဘင်အ ဘူဘာကာသည် ၁၉၅၀ပြည့်နှစ် အောက်တိုဘာ ၁၆ရက်က ဘရူနိုင်း ဒါရူဆလမ်တွင် မွေးဖွားခဲ့သည်။ ၁၉၇၅ခုနှစ်တွင် စက်မှုအင်ဂျင်နီယာသိပ္ပံဘွဲ့ကိုရရှိခဲ့ပြီး ၁၉၈၂ခုနှစ်တွင် နိုင်ငံတကာ စာရင်းဝင်စက်မှုအင်ဂျင်နီယာအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။ ၎င်းသည် ၁၉၇၆ခုနှစ်တွင် ဘရူနိုင်းတပ်မတော်သို့ ပြန်တမ်းဝင်အရာရှိဗိုလ်အဆင့်ဖြင့် စတင်ဝင်ရောက်ခဲ့ပြီး ရာထူးတာဝန်အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ပြည့်နှစ် ဧပြီ ၁ရက်မှ အငြိမ်းစားယူသည့် ၂၀၀၅ခုနှစ် အောက်တိုဘာ ၁၆ရက်အထိ ၎င်းသည် ဘရူနိုင်းဘုရင့်တပ်မတော် ဝန်ဆောင်မှုတပ်တွင် တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ ၎င်းသည် ယင်းကာလအတွင်း ၂၀၀၃ခုနှစ် မေလတွင် ဗိုလ်မှူးချုပ်ရာထူးသို့ တိုးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းသည် ၁၉၈၄ခုနှစ်တွင် ယူကေရှိ စစ်ဦးစီးတက္ကသိုလ်သို့ တက်ရောက်ဆည်းပူးခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် သြစတြေးလျ ကာကွယ်ရေးနှင့် မဟာဗျူဟာဆိုင်ရာ လေ့လာရေး တက္ကသိုလ်သို့ တက်ရောက်ဆည်းပူးခဲ့သည်။

ဗိုလ်မှူးချုပ်ပီဟင်းဒါတူအင်ဒါရာဆူ ဂါရာ(ဘီ) ဒါတို ပဒူကာ ဟာဂျီ မိုဟာမက် ယူစွပ်ဘင် အဘူဘာကာသည် အိမ်ထောင်သည် တစ်ဦး ဖြစ်ပြီး သားသမီးလေးဦးရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၄–၃–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၇။ အတီးပြိုင်ပွဲ
၈:၀၅ ၈။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၉။ အကပြိုင်ပွဲ
၈:၂၀ ၁၀။ ဂမုန်းရေလှောင်တမံ
၈:၂၅ ၁၁။ အရေးပြိုင်ပွဲ
၈:၃၀ ၁၂။ International News
၈:၄၅ ၁၃။ Let’s Go
၉:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday use
၁၆:၄၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ရူပဗေဒ]
၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၂၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၃၀ ၈။ **“ရောင်ပြန်ဟပ်ခြင်း”** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
၁၇:၃၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး”** (အပိုင်း–၇၂)
၁၉:၀၀ ၁၃။ အကပြိုင်ပွဲ
၁၉:၁၀ ၁၄။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၂၅ ၁၅။ အတီးပြိုင်ပွဲ
၁၉:၄၀ ၁၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ပျော်ရွှင်ဖွယ်နေ့ကလေးများ ”** (အပိုင်း–၁၈)(ဇာတ်သိမ်းပိုင်း)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၃–၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ငယ်စဉ်အခါ ပညာရှာ
၇:၂၀	ရွှေစက်တော် ဘေးမဲ့တော
၇:၃၀	တေးဂီတအစီအစဉ်
၇:၃၅	ပြည်တွင်းသတင်းအကျဉ်း
၇:၄၅	သင်ယူလေ့လာဂီတပညာ (တယောဦးတင်ရီ)
၈:၀၅	မိုးလေဝသခန့်မှန်းချက်
၈:၁၀	Sunday Talk
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၁၅	ဆီးချို၊ သွေးချိုရောဂါအကြောင်း ဟောပြောချက် (အပိုင်း–၁)
၉:၃၅	တေးဂီတအစီအစဉ်
၉:၄၀	စက်မှု(၁) ဈေးရောင်းပွဲတော်
၁၀:၀၀	ပြည်တွင်း သတင်းအကျဉ်း
၁၀:၁၀	Star Album (Examplez)
၁၀:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	ဝါသနာရှင်စင်မြင့်
၁၁:၄၅	ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည် ဆင်းရွှေလီ (အပိုင်း–၄)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်		လိုင်း
၂၃:၀၀	Inter Milan-Ajax	5-Sports (Live)

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်		လိုင်း
၂၃:၀၀	Man City-Aston Villa	5-Movies (Live)

အီစူဇူးကား ၂၇၀၀ အိတ်ဇောချို့ယွင်းချက်ရှိသဖြင့် ဈေးကွက်မှ ပြန်လည်ရုပ်သိမ်းမည်ဟုဆို

အီစူဇူးကားကုမ္ပဏီက ထုတ်လုပ်သည့် မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

တိုကျို မတ် ၁၃

ဂျပန်နိုင်ငံ အီစူဇူးမော်တော်ကားကုမ္ပဏီက ထုတ်လုပ်ခဲ့သောကား ၂၇၀၀ကို မော်ဒယ်သုံးမျိုးတွင် အိတ်ဇောပိုက်ချို့ယွင်းချက်ရှိသဖြင့် ဈေးကွက်မှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း အဆိုပါကားကုမ္ပဏီက မတ် ၉ရက်၌ ပြောကြားသည်။

မီးခိုးထွက်

ယင်းကားများ၏ အိတ်ဇောပိုက်များကို ဂဟေဆက်စဉ်က ချို့ယွင်းချက်ရှိသဖြင့် ခိုင်ခံ့မှုမရှိနိုင်ကြောင်း၊ ယင်းပိုက်များသည် မီးခိုးအလွန်ထွက်နေသဖြင့် ကားတိုက်မှု ဖြစ်နိုင်ကြောင်း အီစူဇူးမှ ပြောကြားသည်ကို ကျိုဒိုသတင်းဌာနက ကိုးကားဖော်ပြသည်။

ချို့ယွင်း

ချို့ယွင်းချက်ရှိသော အဆိုပါကားများမှာ ၂၀၀၂ခုနှစ် ဇွန်လနှင့် ၂၀၀၄ခုနှစ် အောက်တိုဘာလ အကြားထုတ်ခဲ့သည့် ယာဉ်များဖြစ်ကြောင်း၊ ရောင်းချလိုက်သော မော်ဒယ်သုံးမျိုးမှာ အီစူဇူးက ထုတ်သော အိဖ်၊ နစ်ဆန်းကားကုမ္ပဏီက ထုတ်သော အက်တလတ်စ်နှင့် နစ်ဆန်း ဒီဇယ်မော်တော်ကုမ္ပဏီက ထုတ်သောကွန်ဒါကားများဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကလေးငယ်များ အပျော်သိုးစီးပြိုင်

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အိုကီချိုဘီမြို့တွင် ကလေးငယ်များ အပျော်သိုးစီးပြိုင်ပွဲ တစ်ရပ်ကို မတ် ၁၁ရက်က ကျင်းပစဉ်။

အသက် သုံးနှစ်မှ ငါးနှစ်အတွင်း ကလေးငယ်များသာ ပါဝင်ယှဉ်ပြိုင်မည့် သိုးစီးပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲမည့် ကလေးငယ်များသည် ကောင်းဘွိုင်အဝတ်အစားများ ဝတ်ဆင်၍ ယှဉ်ပြိုင်ကြရသည်။

အဆိုပါ ကလေးငယ်များ အပျော်သိုးစီးပြိုင်ပွဲကို အိုကီချိုဘီမြို့ ကက်လီမင်းအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး အိုကီချိုဘီမြို့မှ အသက်သုံးနှစ်အရွယ်ရှိ ရန့်ပင်ဒရီက အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

ကား ၂၆စီး အေသင်၌ ဗုံးခွဲမီးရှို့ခံရ

အေသင် မတ် ၁၃

အမည်မသိ တိုက်ခိုက်ရေးသမားများသည် အေသင်မြို့ ကားပြခန်းရှိ ပြင်သစ်လုပ် ကား ၂၆စီးကို ဗုံးများဖြင့် ဖောက်ခွဲ မီးရှို့ဖျက်ဆီးသွားကြောင်း အာဏာပိုင်များက မတ် ၁၁ရက်၌ ပြောကြားသည်။

ထိုနေ့နံနက်ပိုင်းက ဂရိနိုင်ငံ အေသင်မြို့အနီး မီးသတ်တပ်ဖွဲ့ ငါးဖွဲ့မှ မီးသတ်သမားများသည် ဗုံးကွဲမှုကြောင့် မီးလောင်နေသော ကားများကို မီးငြိမ်းသတ်ခဲ့ကြရကြောင်း သိရသည်။

တိုက်ခိုက်ရေးသမားများသည် လက်လုပ်ဓာတ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း၊ဂရိနိုင်ငံရှိ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများနှင့် ကားများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ၌ အဆောက်အအုံပြိုကျ လူကိုးဦးသေဆုံး

နန်နင်း မတ် ၁၃

တရုတ်နိုင်ငံတောင်ပိုင်း ဂေါင်စီကျောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် မတ် ၁၁ရက် နံနက်အစောပိုင်းက သုံးထပ်အဆောက်အအုံတစ်ခု ပေါက်ကွဲမှု တစ်ရပ်ကြောင့် ပြိုကျရာ လူကိုးဦးသေဆုံးပြီး လေးဦးဒဏ်ရာ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က မတ် ၁၂ရက်၌ ပြောကြားသည်။

သေဆုံး

ဖြစ်ပွားမှုမှာ မတ်၁၁ရက် နံနက် ၁နာရီ၁၅မိနစ်က ပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားခဲ့ရာ လူနေသုံးထပ်အဆောက်အအုံတစ်ခုပြိုကျပြီး လူခုနစ်ဦးမှာ ပွဲချင်းပြီးသေဆုံးကာ အခြားလူနှစ်ဦးမှာ ဆေးရုံတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရသူလေးဦးမှာ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။ ပေါက်ကွဲမှုဖြစ်ပွားပြီး သုံးထပ်အဆောက်အအုံပြိုကျချိန်တွင် အဆောက်အအုံပိုင်ရှင်မှာ အပြင်သို့သွားနေခိုက်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှု ဖြစ်ပွားခြင်းနှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက် ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

မိခင် မေတ္တာ

ဂျပန်နိုင်ငံအလယ်ပိုင်း ယာမာမိုချီမြို့ တောင်ကြားတစ်ခုအတွင်း မတ်၁၂ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းလျက်ရှိရာ ဆီးနှင်းများဒဏ်ကို တောင်ကြားအတွင်း နေထိုင်သည့် မျောက်အကောင် ၂၀၀လည်း ခံစားကြရသည်။

(ပုံတွင် ဆီးနှင်းများ အဆက်မပြတ် ကျဆင်းမှုဒဏ်မှ မိမိခန္ဓာကိုယ်နှင့် ရင်သွေးငယ်အား အကာအကွယ်ပေးနွေးထွေးထားသော မိခင်မျောက်မကြီး၏ မေတ္တာတရားကို ဤသို့ တွေ့ရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်၌ မြေပြိုမှုဖြစ်ပွား

မနီလာ မတ် ၁၃

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကျေးရွာတစ်ရွာတွင် မတ် ၉ရက်က မြေပြိုမှုဖြစ်ပွားရာ ထိခိုက်သေဆုံးမှုသတင်း မရရှိသေးကြောင်း ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာန အေဘီအက်စ်-စီဘီအင်န်က မတ် ၁၁ရက်၌ သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်တောင်ပိုင်းတွင် သီတင်းတစ်ပတ်ကြာ မိုးရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားပြီး ကောက်ပဲသီးနှံများပျက်စီးကာ ဖိလစ်ပိုင်နိုင်ငံသုံး ပီဆိုငွေသန်း ၁၀၀ခန့် ဆုံးရှုံးခဲ့ရသည်။

မြေပြိုမှုကြောင့် တောင်ပေါ်ကျေးရွာတစ်ရွာရှိ စာသင်ကျောင်းနှင့် ဒေသခံများ၏ အိုးအိမ်များ ပျက်စီးခဲ့ရသည်ဟုလည်း သတင်းများက ဖော်ပြသည်။ အဆိုပါကျေးရွာမှ မိသားစု ၁၆၀ခန့်က ဘေးကင်းရာသို့ အလျင်အမြန် ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့ခရီးသွားမယ် (၂၀၀၆) တောင်အာဖရိကမှ ဟန်ရီဗင်ရရှိ

ဒါအစ္စလမ် မတ် ၁၃

တန်ဇန်းနီးယားနိုင်ငံ ဆိပ်ကမ်းမြို့ဖြစ်သော ဒါအစ္စလမ်မြို့တွင် မတ် ၁၁ရက်က ကျင်းပသော ကမ္ဘာ့ခရီးသွားမယ်(၂၀၀၆)ရွေးချယ်ပွဲတွင် တောင်အာဖရိကမှ ဟန်ရီဗင်အက်ချာဝုခ် **(ဝဲပုံ)**ရွေးချယ်ခံရကြောင်း သိရသည်။

ပထမဆွတ်ခူး

အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၅၅ နိုင်ငံမှ အလှမယ်ပေါင်း ၇၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ တောင်အာဖရိကမှ အလှမယ်က ပထမဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ အလှမယ်များသည် ၎င်းတို့၏ အမျိုးသားဝတ်စုံများ၊ ရေကူးဝတ်စုံနှင့် ညနေခင်းဝတ်စုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရခြင်းဖြစ်သည်။

လွှဲပြောင်းအပ်နှင်း

ကမ္ဘာ့ခရီးသွားမယ် (၂၀၀၆) အဆောင်အယောင်များကို တန်ဇန်းနီးယားနိုင်ငံအကြီးအကဲ၏ ဇနီးဖြစ်သူ မာမာကီကွယ်တီက ယခင်နှစ် ကမ္ဘာ့ ခရီးသွားမယ်ဘွဲ့ရရှိခဲ့သည့် ရိုမေးနီးယားနိုင်ငံသူ အလီနာစီအိုရိုဂါယူထံမှ အရွေးချယ်ခံထားရသည့် တောင်အာဖရိကမှ ဟန်ရီဗင်အက်ချာဝုခ်ထံသို့ လွှဲပြောင်းအပ်နှင်းပေးလိုက်သည်။

အတော်ဆုံး အလှမယ်လေးဦးအဖြစ် အင်ဂိုလာမှ ကာရီနာဆီလ်ဗား၊ မွန်ဂိုလီးယားမှ ဂန်တိုရိဘာရာကူ၊ ပိုလန်မယ် နာလာနိုဝတ်နှင့် ခရိအေးရှားမယ် ပေါလာတိုနစ်တို့ အရွေးချယ်ခံကြရသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဂင်းနက်စ်မှတ်တမ်းတင်သည့် အိပ်ထ မတင်လေ့ကျင့်ခန်း

ကိုယ်လက် လှုပ်ရှားမှု ပြုလုပ်သည့် အိပ်ထမတင် လေ့ကျင့်ခန်း မနားတမ်းပြုလုပ် နေသူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

အမေရိကန်နိုင်ငံ ဟာမဲလ်တန်မြို့တွင် အသက် (၄၆)နှစ် အရွယ်ရှိ တိုနီပါဇီရာလီ အမည်ရှိ အမျိုးသားတစ်ဦးက အိပ်ထမတင်လေ့ကျင့်ခန်းကို အကြိမ်ပေါင်း ၄၂၃၈ အထိ မရပ်မနား ကြိုးစားပြုလုပ်ခဲ့ရာ ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်း၌ အိပ်ထမတင် လေ့ကျင့်ခန်း အကြိမ်အများဆုံး ပြုလုပ်သူအဖြစ် မှတ်တမ်းဝင်မည် ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့ အကြီးဆုံး သရက်သီး

ကမ္ဘာ့ အကြီးဆုံး သရက်သီးကြီးကို ပြသနေစဉ်။ (ဝဲပုံ)

အဆိုပါ သရက်သီးကြီးမှာ ဟာဝိုင်ယီကျွန်းမှ ကိုယ်လန်ပေါ်တာအမည်ရှိ အမျိုးသမီး ပိုင်ဆိုင်သည့် သရက်ပင်မှ သရက်သီးကြီးဖြစ်ပြီး အလေးချိန် ငါးပေါင်ခုနစ်အောင်စ ရှိကြောင်း သိရသည်။ ကမ္ဘာကျော် ဂင်းနက်စ်မှတ်တမ်းစာအုပ်၌ ကမ္ဘာ့အကြီးမားဆုံး သရက်သီးအဖြစ် မှတ်တမ်းဝင်မည် ဖြစ်သည်။ **(အင်တာနက်)**

ကန်၏လူ့အခွင့်အရေးအစီရင်ခံစာ ထိုင်းပြစ်တင်ပြောဆို

ဗန်ကောက် မတ် ၁၃

အမေရိကန်၏ လူ့အခွင့်အရေးဆိုင်ရာ နှစ်စဉ်အစီရင်ခံစာတွင် ထိုင်းနိုင်ငံသည် လူ့အခွင့်အရေးကို ချိုးဖောက်နေသည်ဟု စွပ်စွဲချက်နှင့် ပတ်သက်၍ အမေရိကန်အား ထိုင်းနိုင်ငံက မတ် ၁၁ရက်၌ ပြစ်တင်ဝေဖန် ပြောဆိုလိုက်သည်။

အခြားနိုင်ငံတစ်နိုင်ငံ၏ အခြေအနေကို မိမိနိုင်ငံ၏ အခြေအနေနှင့်လိုက်ပြီး ဆုံးဖြတ်ခြင်းသည် မမှန်ကန်နိုင်ကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။

ဆင်ဟွာသတင်းသို့ သောကြာနေ့ ညပိုင်းက ပေးပို့ခဲ့သော ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် အမေရိကန်၏ လူ့အခွင့်အရေး အစီရင်ခံစာတွင် ဖော်ပြထားသော စွပ်စွဲချက်များသည် အမှန်တရားနှင့် အလွန် ဝေးကွာနေကြောင်း၊ နိုင်ငံတိုင်းတွင် ကိုယ်ပိုင်အခြေအနေနှင့် စရိုက်လက္ခဏာများရှိကြောင်း၊ တခြားနိုင်ငံ တစ်နိုင်ငံ၏ အဆင့်အတန်းနှင့် နှိုင်းယှဉ်၍ မရနိုင်ကြောင်း ဖော်ပြပါရှိသည်။

မကိုက်ညီ

မကြာမီက ထုတ်ပြန်သော အမေရိကန်၏ လူ့အခွင့်အရေးချိုးဖောက်သည်ဟု စွပ်စွဲထားသော အစီရင်ခံစာသည် မမှန်ကန်နိုင်ကြောင်းနှင့် ထိုင်းနိုင်ငံ၏ အခြေအနေမှန်နှင့် မကိုက်ညီကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆီဟာဆက်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မိုးသည်းထန်မှုကြောင့် အိန္ဒိယ၌ ၂၃ဦးသေဆုံး

နယူးဒေလီ မတ် ၁၃

အိန္ဒိယနိုင်ငံ အလယ်ပိုင်း မက်ဟာပရာဒေ့ရှ်ပြည်နယ်တွင် နှစ်ရက်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၂၃ဦးသေဆုံးခဲ့ရကြောင်း အင်ဒို-အာရှ သတင်းဌာနက မတ် ၁၀ရက်၌ သတင်းထုတ်ပြန်သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်များ နစ်မြုပ်ပြိုလဲခြင်းနှင့် မိုးကြိုးပစ်ချခြင်းတို့ကြောင့် ဒေသခံ အများအပြား သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံရှိ ခရိုင် ၄၈ခုမှ ခရိုင် ၃၀ရှိ ကျေးရွာပေါင်း ၇၂၀တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်ခြေ ၁၅၀၀ကျော် ပျက်စီးခဲ့ရပြီး ကောက်ပဲသီးနှံ အများအပြားလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။

ကောက်ပဲသီးနှံ စိုက်ပျိုးမြေမှ ဟက်တာ ၃၂၀၀၀ခန့် ပျက်စီးခဲ့ရသည်။ မိုးလေဝသဆိုင်ရာ အရာရှိများက နောက်ထပ် နှစ်ရက်ကြာ မိုးဆက်လက်ရွာသွန်းနေမည်ဖြစ်ကြောင်း ခန့်မှန်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးတွင် ကျင်းပသည့် လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများ ပြပွဲတွင် ပြသထားသော သန္ဓေသားအား ကြည့်ရှုလေ့လာနေသည်ကို မတ် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယူးယောက်၌ ဆယ်ကျော်သက်များ ဆေးလိပ်ပိုသောက်နေ

နယူးယောက် မတ် ၁၃

အမေရိကန်နိုင်ငံ နယူးယောက်မြို့ စာသင်ကျောင်းများတွင်ရှိသော ဆယ်ကျော်သက်ကျောင်းသား လူငယ်များသည် ဆေးလိပ်သောက်သူ ဦးရေ တိုးပွားလျက်ရှိရာ ပြီးခဲ့သည့် ဆယ်နှစ်တာ ကာလအတွင်း ၅၀ရာခိုင်နှုန်းကျော် အထိ တိုးမြှင့်လာကြောင်းသိရသည်။

အမေရိကန် ကျန်းမာရေးဌာနမှနေ၍ နယူးယောက်မြို့ရှိ အဆင့်မြင့်ကျောင်း ၁၀ကျောင်းမှ ကျောင်းတစ်ကျောင်းကို စစ်တမ်းကောက်ယူခဲ့ရာမှ ယခုကဲ့သို့ ရလဒ်ထွက်ပေါ်ခဲ့ခြင်း ဖြစ်သည်။

လွန်ခဲ့သည့် ၁၉၉၇ခုနှစ်ကတည်းက နယူးယောက်မြို့ တစ်မြို့လုံးရှိ ဆယ်ကျော်သက်လူငယ်များ၏ ၂၃ရာခိုင်နှုန်းမှ ၁၁ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ သို့သော်လည်း နယူးယောက်မြို့တော်ဝန်က ဆေးလိပ် သောက်သူ လူငယ်အရေအတွက် လုံးဝ မရှိအောင် ရည်မှန်းထားသည်။

ဆေးလိပ်သောက်မှုကြောင့် နှစ်စဉ်အမေရိကန်နိုင်ငံသား လေးသိန်းခန့်သေဆုံးလျက်ရှိရာ နယူးယောက်မြို့ တစ်မြို့တည်း၌ ၂၅၅၀၀သေဆုံးကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိတ်ချ်အက်ဖ်အမ်ဒီကူးစက်ရောဂါ မလေးရှား၌ ဖြစ်ပွားမှု တိုးပွားလာ

ကွာလာလမ်ပူ မတ် ၁၃

မလေးရှားနိုင်ငံ ဆာရာဝပ်ခ် ပြည်နယ်ရှိ ဆေးရုံတွင် အသက်(၁၄) နှစ်အရွယ်ရှိ ကလေးငယ်တစ်ဦး လက်၊ ခြေထောက်နှင့် ပါးစပ်တို့တွင် ဖြစ်ပွားသော ကူးစက်ရောဂါ (အိတ်ချ်အက်ဖ်အမ်ဒီ)ကြောင့် သေဆုံးခဲ့ရကြောင်း၊ နိုင်ငံတွင် ယင်းရောဂါစတင်ဖြစ်ပွားခဲ့သည့် ယခုနှစ်၏ အစပိုင်းကတည်းက စ၍ သေဆုံးသူ ခြောက်ဦးရှိသွားပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ချမ်က ပြောကြားသည်။

သေဆုံးသူအားလုံးသည် ကလေးငယ်များ ဖြစ်ကြကြောင်း၊ လတ်တလောအချိန်တွင် ယင်းရောဂါ ဖြစ်ပွားမှုကြောင့် ကလေး၈၂ဦး ဆေးရုံတင်ထားရကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

စနေနေ့ မွန်းလွဲပိုင်းတွင် ယင်းရောဂါကူးစက်ခံရသူ အရေအတွက်သည် ၃၉၈၄ဦးအထိ မြင့်တက်လာခဲ့သည်ဟု ချမ်က ဆိုသည်။

လုပ်ဆောင်ခဲ့

၁၉၉၇ ခုနှစ် ကတည်းက စ၍ ဆာရာဝပ်ခ်ပြည်နယ်တွင် ယင်းကူးစက်ရောဂါသည် ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့ကြောင်း၊ မလေးရှား ဗဟို အစိုးရနှင့် ဆာရာဝပ်ခ်ပြည်နယ် အစိုးရသည် အဆိုးဆုံးအခြေအနေမှ ကာကွယ်တားဆီးရန်အတွက် ကျောင်းများအား ယာယီပိတ်ထားခြင်းနှင့် ကျောင်းအားလပ်ရက်များကို တိုး၍ သတ်မှတ်ခြင်းစသည့် တားဆီးကာကွယ်ရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက အစီရင်ခံ ဖော်ပြသည်။

အကြံပေး

မိဘများသည် မိမိတို့၏ကလေးများအား လူစည်ကားရာ နေရာနှင့် ရေကူးကန်များသို့ ခေါ်ဆောင်မသွားရန် အာဏာပိုင်များက အကြံပေးထားသည်။

စင်ကာပူ

ပြီးခဲ့သော ရက်သတ္တပတ်အနည်းငယ်အတွင်းက စင်ကာပူနိုင်ငံတွင်လည်းလက်၊ခြေထောက်နှင့်ပါးစပ်များတွင် ကူးစက်သော ရောဂါ (အိတ်ချ်အက်ဖ်အမ်ဒီ)ဖြစ်ပွားသူ ဦးရေတိုးပွားလာကြောင်း ချန်နယ်နယူး အာရှ သတင်းဌာနက သောကြာနေ့က ထုတ်လွှင့်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်-ဂျပန်နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း(၂၀၀၆)ဖွင့်

တိုကျို မတ် ၁၃

တရုတ်နှင့်ဂျပန် နှစ်နိုင်ငံတို့၏ ခရီးသွားများ အပြန်အလှန်ဆက်ဆံရေး (၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ မတ် ၁၀ရက်တွင် ကျင်းပသည်။

နှစ်နိုင်ငံတို့အနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ အပြန်အလှန်ဆက်ဆံပူးပေါင်းမှုဆောင်ရွက်နိုင်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်သော စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ယခုကဲ့သို့ ပွဲတော်ကျင်းပခြင်း ဖြစ်သည်။

ပွဲတော်အတွင်း ဂျပန်နှင့်တရုတ်နှစ်နိုင်ငံတို့မှ ယဉ်ကျေးမှုအကအဖွဲ့များကလည်း ကပြခဲ့ကြသည်။ **(ယာပုံ)** နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး တရုတ်နှင့်ဂျပန်တို့အနေဖြင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ တိုးတက်ရရှိမည် ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး နားနေခန်းသို့ တာဝန်ရှိသူများက ကြိုတင်ပင့်ဆောင်ထားကြပြီး ကျန်ဘွဲ့ခံဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် သာသနာနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်များအား ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်းရှိ သတ်မှတ်နေရာများ၌ နေရာချထားပေးကြသည်။

ပင့်ဆောင်

ဆက်လက်၍ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများဦးဆောင်သော တိပိဋကဓရ တိပိဋက ကောဝိဒဆရာတော်ကြီးများနှင့် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်မုခ်တင်၍ မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနားထည်ဝါစွာဖြင့် ပင့်ဆောင်လာကြရာ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်းများဖြစ်ကြသည့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးက အောင်သပြေစိုက်ငွေဖလားကို ပိုက်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွှန့်က ပန်းကလပ်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးထွန်းလှက ကွမ်းတောင်ကိုကိုင်ဆောင်လျက် လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇာနီဝင်းက "နိုင်ငံတော် သံဃမဟာနာယက"ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက်လည်းကောင်း နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ပင့်ဆောင်လာကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက "တိပိဋကဓရ တိပိဋကကောဝိဒ" ဆိုင်းဘုတ်ကိုကိုင်ဆောင်လျက် တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်များအား ပင့်ဆောင်လာသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းရွှေက "အဘိဓဇ မဟာရဋ္ဌဂုရု" ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီးသုံးပါးတို့အား ပင့်ဆောင်လာသည်။

ယင်းနောက် ညွှန်ကြားရေးမှူး ဦးခိုင်အောင်က "အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက"ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်အလှူခံယူမည့် ဆရာတော်ကြီး ငါးပါးတို့အား ပင့်ဆောင်လာသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်က"တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်အလှူခံယူမည့် ဆရာတော်တစ်ပါးအား ပင့်ဆောင်လာသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်က "အဂ္ဂမဟာ ပဏ္ဍိတ" ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော် ၂၂ ပါးတို့အား ပင့်ဆောင်လာသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးသန်းဝင်းက "အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ"ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်အလှူခံယူမည့် ဆရာတော်ကြီး ၃၂ ပါးတို့အား ပင့်ဆောင်လာကြပြီး ဌာနမှူး ဦးရဲငွေက ပန်းမိုးရွာလျက် နောက်ဆုံးမှလိုက်ပါလာသည်။

လက်အုပ်ချီမိုးဂါရဝပြု

ထိုကဲ့သို့ ဆရာတော်ကြီးများအား မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနားထည်ဝါစွာဖြင့် ပင့်ဆောင်လာချိန်တွင် နိုင်ငံတော်ဆိုင်းအဖွဲ့က ရောင်ခြည်တော် ဘွဲ့သီချင်းကြီးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း သတ်မှတ်နေရာအသီးသီး၌ နေရာယူထားကြသော ဧည့်ပရိသတ်တို့ကလည်း ဆရာတော်ကြီးများအား လက်အုပ်ချီမိုးလျက် ဂါရဝပြုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် မင်္ဂလာအခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် စတင်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူး သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဧည့်ပရိသတ်တို့က 'နမောတဿ'သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်သည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မြင့်မြင့်ကြည်က မြန်မာ့ရိုးရာစောင်းနှင့် တွဲဖက်ကာ 'ထူးမခြားနား'သီချင်းခန့်ကို သီဆိုပူဇော်သည်။ သီဆိုပူဇော်မှုအပြီးတွင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးကို တစ်ပြိုင်တည်း ကိုးကြိမ်တီးခတ်ပူဇော်ကြသည်။

စဉ်လာမပျက် ဆက်ကပ်လှူဒါန်း

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စဉ်လာမပျက် ဆက်ကပ်လှူဒါန်းခြင်းဖြစ်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ၁၃၆၇ ခုနှစ် ပြာသိုလဆန်း ၆ ရက် (၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက်) လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၆) ဖြင့် ထုတ်ပြန်ကြေညာ၍ ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

ယင်းအမိန့်ကြော်ငြာစာအရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းသည့် ဤမဟာမင်္ဂလာအခမ်းအနားကြီးကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်ပါကြောင်း။

ယခု ၂၀၀၆ ခုနှစ်တွင် သံဃာတော်အရှင်မြတ် ၃၁၉ ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း၍ သီလရှင်ဆရာကြီး အပါး ၂၀ နှင့် လူပုဂ္ဂိုလ် အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၇ ဦးတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းမည်ဖြစ်ပါကြောင်း။

ယခုအခါ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ကောင်းမြတ်သည့် အချိန်အခါဆိုက်ရောက်ပြီဖြစ်ပါသောကြောင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကြီး ဖွင့်လှစ်ပြီဖြစ်ပါကြောင်း ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါကြောင်းဖြင့် အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားကာ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ငါးပါးသီလခံယူဆောက်တည်

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသီလဝံသက သမ္ဗောဒနီယဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

(ဆရာတော်ကြီး၏ သမ္ဗောဒနီယဩဝါဒကထာကို စာမျက်နှာ ၃ ၌ ဖော်ပြထားပါသည်။)

ဆက်ကပ်လှူဒါန်း

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်း ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂဝံသနှင့် စစ်ကိုင်းတိုင်း မုံရွာမြို့ အသောကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂပဏ္ဍိတတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလဝံသ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသော ဧရာဝတီတိုင်း ပုသိမ်မြို့ နှစ်ကျိပ်ရှစ်ဆူလမ်း ကမ္ဘာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီရိန္ဒ၊ မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ဝါးတိုး(အလယ်-၁)ရပ်ကွက် ဆင်ကျုံးတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ၁၀ လမ်း မဟာသိပ္ပံပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသီရိဓမ္မတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသော ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် စလင်းတိုက် ပိဋကတ်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်းဆိုင်ရပ်ကွက် နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မသီရိတို့အား လည်းကောင်း၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မင်းကွန်းတိပိဋကဓမ္မနာဒပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရအား လည်းကောင်း သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဆက်လက်၍ တရားသူကြီးချုပ် ဦးအောင်တိုးက အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ ရှေ့နေချုပ် ဦးအေးမောင်က အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းက အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါးနှင့် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါးတို့အား လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါးတို့အားလည်းကောင်း၊ ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါးတို့အား လည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ခုနစ်ပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါးတို့အား လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခုနစ်ပါးတို့အား လည်းကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ကိုးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းအောင်က မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား လည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးနှင့် မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ကိုးပါးတို့အား လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ကိုးပါးတို့အား လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ရှစ်ပါးနှင့် မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင် တို့ကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်က မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါးအား လည်းကောင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က မဟာကမ္မဋ္ဌာနာ စရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါးအား လည်းကောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က မဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါးတို့အား လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးနှင့် သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ် တော်ရ ဆရာတော်တစ်ပါးတို့အား လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

ဆရာတော်ငါးပါးတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော်နှင့် အဆောင်အယောင်တို့ကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း က သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား လည်း ကောင်း၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်က မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါက သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဦးသောင်း ညွန့်က မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးနှင့် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးတို့အား လည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်က သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အားလည်းကောင်း၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးက ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းက သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာ တော် ကိုးပါးတို့အားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း က ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်းက သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင် အယောင်တို့ကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးခိုင်အောင်က သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အား လည်းကောင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးပြုံးချိုက ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးတို့အား လည်းကောင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွန့်က သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အား လည်းကောင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇာနီဝင်းက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးနှင့် ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးတို့အား လည်းကောင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးဇော်ရွှေက ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အား လည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ် လှူဒါန်းကြသည်။

သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်ဆက်ကပ်

ဆက်လက်၍ သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင် အယောင်များ ဆက်ကပ်လှူဒါန်းရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ခေမေသကချောင်မှ သီလရှင်ဆရာကြီး ဒေါ်ဓမ္မဒိန္နာ၊ မန္တလေးတိုင်း တောင်သာမြို့ မဟာဗောဓိဘုရားကြီးကျောင်းတိုက်မှ သီလရှင် ဆရာကြီး ဒေါ်သုစာရီ၊ ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့ ကြာနီကန်ရပ် အမ္ဗာရာမ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဥပ္ပလဝဏ္ဏာနှင့် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ် အနီဿာသီလရှင် စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဥက္ကဋ္ဌဝတီတို့အား စာချဘွဲ့တံဆိပ်တော် များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က မဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သောတာပန်ရပ် ဂူနီချောင်မှ သီလရှင်ဆရာကြီး ဒေါ်ကေတုဝတီ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သမိဒ္ဓေါဒယချောင်မှ သီလရှင်ဆရာကြီး ဒေါ်တိရဏာဉာဏီ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ ရွှေမောင်းသာသနာ့ဝေပုလ္လသီလရှင် စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပညာစာရီနှင့် ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် ရွှေမြိုင်သီရိကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဣန္ဒာစာရီတို့အား စာချဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်က မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်များရရှိကြသည့် စစ်ကိုင်းတိုင်း မုံရွာမြို့ လယ်တီရပ် ဒေဝတီသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပုညဝတီနှင့် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေ ချမ်းမြရံသီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီတို့အား လည်းကောင်း၊ မဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရရှိကြသည့် နီပေါနိုင်ငံ လာလစ်ပူမြို့ သကျသီလကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်အန္ဒဂါရိကနှင့် စစ်ကိုင်းတိုင်း လေရှီးမြို့နယ် အောင်မင်္ဂလာရပ် ထေရဝါဒ ဗုဒ္ဓသာသနာပြု ကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ဓမ္မသိင်္ဂီတို့အားလည်းကောင်း စာချဘွဲ့တံဆိပ် တော်နှင့် သာသနာပြုဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့က ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်း တိုင်း စစ်ကိုင်းမြို့ မင်းကွန်းရှိ ရှားပင်တိုက်သစ် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကလျာဏစာရီ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ လယ်တီရပ် ဓမ္မမေဒနီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်နန္ဒာရီ၊ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ နိဗ္ဗိန္ဒတောင်တောရကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်သုသိမာနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သာသနာ့ဗိမာန် သီလရှင်စာသင် တိုက်မှ သီလရှင်ဆရာကြီး ဒေါ်အစ္ဆရိယဉာဏီတို့အား စာချဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သောတာပန်ရပ် ဂူနီချောင်မှ သီလရှင်ဆရာကြီး ဒေါ်ဝေဒေဟီနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဇေယျာသိင်္ဂီ သီလရှင်ကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ဂုဏဝတီတို့အား လည်းကောင်း၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိ ကြသည့် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် ပိတောက်လမ်းသွယ်(၃) တြိရတနာကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်မေဓာရီနှင့် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် နန္ဒွင်းကုန်းရပ်ကွက် သာသနဂုဏ်ရည် သီလရှင် (အမျိုး သမီး) ပညာရေးကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကုမာစာရီတို့အား လည်းကောင်း စာချဘွဲ့တံဆိပ်တော်နှင့် သာသနာပြုဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းသည်။

လူပုဂ္ဂိုလ် (အမျိုးသား)

ဆက်လက်၍ လူပုဂ္ဂိုလ်(အမျိုးသား)များအား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ် နှင့် သာသနာပြုဘွဲ့တံဆိပ်အပ်နှင်းသည့် အစီအစဉ်ကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးက အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိကြ သည့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် သံလွင်လမ်း အမှတ် ၉၉ F-၁ နေ ဦးချုသန်း၊ *စာမျက်နှာ ၈ ကော်လံ ၁*

ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ သဒ္ဓါတရားထက်သန်စွာလောင်းလှူ

စာမျက်နှာ ၇ မှ

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၉)ရပ်ကွက် အင်းလျားလမ်း အမှတ် ၁၁၆-D နေ ဦးစိန်တင်၊ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၁၆) ရပ်ကွက် မြရတနာလမ်း အမှတ် ၁၀/ဂ နေ ဦးကျော်မင်း၊ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၉)ရပ်ကွက် ဝေဇယန္တာလမ်း အမှတ် ၈၂၀ နေ ဦးစံငြိမ်း၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းဟောင်း အမှတ် ၁၁၈ နေ ဦးသန်းနိုင်တို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိကြသည့် တနင်္သာရီတိုင်း ထားဝယ်မြို့ ကညွှံရပ် အာဇာနည်လမ်း အမှတ် ၅၅ နေ ဦးအောင်ဝင်း၊ ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့ မြို့မရပ်ကွက် မန္တလေးလမ်းမ အမှတ် ၈၀ နေ ဦးငွေသိမ်း၊ ပဲခူးတိုင်း အနောက်ပိုင်း မင်းလှမြို့နယ် အမှတ်(၃)ရပ်ကွက် ပေါက်ပင်တန်းလမ်းနေ ဒေါက်တာဝင်းမြင့်၊ မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အမှတ်(၄)ရပ်ကွက် မန္တလေး-လားရှိုးလမ်း အမှတ် ၁၃၆/ခ နေ ဒေါက်တာကျော်ဇော၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် စမ်းချောင်း မြောက်ရပ်ကွက် စမ်းချောင်းလမ်း အမှတ် ၇၇ နေ ဦးလှမြင့်တို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၇) ရပ်ကွက် ပြည်တော်အေးရိပ်သာ ကမ္ဘာအေးစေတီလမ်း အမှတ်(၃-က)နေ ဦးသန်းထွန်း၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် သာယာဝတီလမ်း အမှတ် ၃၇ နေ ဦးရွှေ(ဗန္ဓုလ)၊ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၉) ရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်း အမှတ် ၂၀၉ နေ ဦးစိုးဟန်လင်း၊ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် အထက်ကြည့်မြင်တိုင်လမ်း အမှတ် ၈၃ နေ ဦးညွန့်ငွေး၊ ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်း အမှတ် ၂၃၈/၂၄၀ နေ ဦးတင်မောင်(စန္ဒီပရဆေး)တို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိကြသော ရန်ကုန်တိုင်း သာကေတမြို့နယ် မြခွာညိုအိမ်ရာ အမှတ်(၇)ရပ်ကွက် ဧရာဝဏ်လမ်း အမှတ် ၆၂ နေ ဦးစိုးသိန်း၊ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၀/က ရပ်ကွက် အမှတ်(၁) လှော်ကားလမ်း မိဘရိပ်သစ်စက်နေ ဦးနိုင်ဦး(မိဘရိပ်)နှင့် ဧရာဝတီတိုင်း မော်ကျွန်းမြို့ မြို့မ(၇)ရပ်ကွက် ၁၄ လမ်း အမှတ် ၄၆ နေ ဦးမောင်လှတို့အား လည်းကောင်း၊ သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိကြသည့် ပဲခူးတိုင်း ပဲခူးမြို့နယ် အုန်းပင်တန်းရပ် သနပ်ပင်လမ်း အမှတ် ၃၉၂ နေ ဦးငွေရှိန်၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဇမ္ဗူရာဇ်လမ်း အမှတ် ၁၇/၂၀ နေ ဦးတင်မောင်ထွေး(နတ်ရေကန်)တို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း လှိုင်မြို့နယ် သီရိမွန်အိမ်ရာ (၁၅)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီး အမှတ် ၂၁(အေ)နေ ဦးခင်လှနှင့် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် စံပယ်ရိပ်မွန်အိမ်ရာ တိုက်(အီး) အခန်း ၇ နေ

ဆွမ်းဆန်စိမ်း လောင်းလှူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။

(သတင်းစဉ်)

ဦးသန်းဇော်၊ သုခမ္မမဏိဇောတရေဘွဲ့ရရှိသည့် သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက် တိုက်အမှတ်၂ အခန်း၂၀၃ ဒုတိယထပ်နေ ဦးအောင်မွန်၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရပ်ကွက် မိုးမခလမ်း အမှတ်၄၄၉ နေ ဒေါက်တာခင်မောင်ညွန့်နှင့် ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက် ရွှေဘုံသာလမ်း အမှတ်၁၃၄ နေ ဦးကျော်ခင်မြင့်၊ သဒ္ဓမ္မဇောတိကဓဇ ရရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် နွံ့နှောရပ်နေ ဦးမြင့်ဆွေတို့အား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ(မကွေးဆရာတော်)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး**၏ ဇနီး ဒေါ်ခင်သန်းနွဲ့ သီလရှင်**ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာသနာနုဂ္ဂဟနှင့် သာသနာပြုဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

လူပုဂ္ဂိုလ်(အမျိုးသမီး)

လူပုဂ္ဂိုလ်(အမျိုးသမီး)များအား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များအပ်နှင်းရာ ရေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာ သီရိသုဓမ္မသင်္ဂီ ဘွဲ့ရရှိကြသည့် ပဲခူးတိုင်း ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက်(၁)လမ်း အမှတ်၅၀၉ နေ ဒေါ်သန်းငွေ၊ မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၄၂ x ၄၃)လမ်းကြား ၅၂ လမ်း အမှတ် မ/၃၉ နေ ဒေါက်တာခင်ခင်စိမ့်နှင့် ထိုင်းနိုင်ငံ ကန်ချနပူရီမြို့မှ မဟာဥပါသိကာ ဘွန်ကော့ထ်ဆီတီပေါလ်တို့အားလည်းကောင်း၊ သီရိသုဓမ္မသင်္ဂီဘွဲ့ရရှိကြသော ပဲခူးတိုင်း အုတ်တွင်းမြို့ ပြည်လမ်း ကြက်သွန်ခင်း (၁)ရပ်ကွက်နေ ဒေါ်သန်းသန်းနွဲ့နှင့် မန္တလေးတိုင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဆိုင်းတန်းရပ် (၂၃x၂၄)လမ်းကြား၊ ၈၇ လမ်း အမှတ် ၇၅၅ နေ ဒေါ်တင်စိန်တို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က သီရိသုဓမ္မသင်္ဂီ ဘွဲ့ရရှိကြသော မန္တလေးတိုင်း မန္တလေးမြို့ အောင်မြေသာစံ

မြို့နယ် (၂၆x၈၉)လမ်းထောင့် အကွက်၂၀၀ သီရိမာလာအရှေ့နေ ဒေါ်ခင်လှ၊ မန္တလေးတိုင်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်၊ ၆၈လမ်းနှင့် မိုးသောက်ပန်းလမ်းထောင့် အမှတ် မ–၂၄–၃/ဆ နေ ဒေါ်အေးအေးမော်(ခ)ဒေါ်အေးအေးမွန်၊ ရန်ကုန်တိုင်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် အင်းလျားရိပ်သာလမ်း အမှတ်၆/က နေ ဒေါ်မြရင်၊ ရန်ကုန်တိုင်း ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၄)ရပ်ကွက် အနော်ရထာလမ်း အမှတ် ၉နေ ဒေါ်ခင်နန်းမွန်နှင့် ရန်ကုန်တိုင်း သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက် အောင်သီရိလမ်း အမှတ် ၅နေ ဒေါ်ခင်စန်းကြည်(ခ)ဒေါ်အေးအေးခန့်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို အပ်နှင်းသည်။

အဆောင်အယောင်အပ်နှင်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်က သီရိသုဓမ္မသင်္ဂီဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောအလယ်ရပ်ကွက် မဟာမြိုင်လမ်း အမှတ် ၃၁နေ ဒေါ်အေးအေးသန်း၊ ရန်ကုန်တိုင်း ရန်ကုန်မြို့ အင်းစိန်မြို့နယ် ၁၀ မိုင်ကုန်း ကျောင်းလမ်း အမှတ် ၈၇၀–အီး နေ ဒေါ်လှလှနွယ်၊ ရန်ကုန်တိုင်း ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၆)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈လမ်းထောင့် အမှတ် ၂၇၇ နေ ဒေါ်မီမီစိန်၊ ရန်ကုန်တိုင်း ရန်ကုန်မြို့ လသာမြို့နယ် (၄)ရပ်ကွက် ၁၉ လမ်း အပေါ်လမ်း အမှတ်၁၅၄ နေ ဒေါ်နန်းမောက်လော့ဝ်ဆိုင်နှင့် ရန်ကုန်တိုင်း ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် မြရတနာလမ်း အမှတ်၁၅(ခ) နေ ဒေါ်အေးမြင့်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။ ***စာမျက်နှာ ၁၁ ကော်လံ ၁***

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့ သီလရှင် ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရွှန်းမြဝေစည် တိုင်းဧရာဝတီ

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

"နုန်းတင်မြေနု၊ ရေချိုထုနှင့်
သီးထပ်စိုက်ပျိုး၊ နွေမိုးဆောင်းဝယ်
ပေါကြွယ်လောင်စာ၊ ရော်ဘာ–ကြက်ဆူ
စီမံမှုချ၊ ဖူလုံမှုရန်
အားထုတ်ဖန်လျက်၊ စိန်မြရံခြယ်
ပင်လယ်ထွက်ကုန်၊ စုံလျက်ပြည့်ဝ
ကမ်းသောင်အလှနှင့်၊ ရှုကြတစ်ခွင်
မြေတွင်စပါး၊ ပေါများဝေဆာ–ပြည့်ဝမ်းစာ
ရေတွင်ပုစွန်ငါး၊ ပေါများစုံစွာ–ပြည့်ရိက္ခာ
ချောင်းမှာတံတား၊ ဆက်သွယ်သွားလာ–ပြည့်လမ်းသာ
ပေါများပြည့်စုံ၊ ကုံလုံပိုလျှံ
အုန်းခြံ မြေပဲ၊ ဂုန်လျှော်လဲမကျန်
ရေနံဓာတ်ငွေ့၊ စုံပေ့တွင်းထွက်
ဂုဏ်တက်ကြွေဆို၊ ကျွန်းညိုအလှ
ရွှန်းမြဝေစည်၊ တိုင်းဧရာဝတီ"။ ။

စာရေးသူတို့၏ မော်တင်စွန်း ဘုရားဖူးကားလေးသည် ပုသိမ်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော နဒီလွင်နှစ်ထပ်သင်္ဘောကြီးပေါ်သို့ မောင်းတက်လိုက်သည်။ မကြာမီသင်္ဘောသည် ငဝန်မြစ်ထဲတွင် တရိပ်ရိပ် တလိမ့်လိမ့် ခုတ်မောင်းနေသည်။ ခရီးသည်များနှင့် မော်တော်ကားများ လိုက်ပါလာကြသည်။ စာရေးသူတို့အဖွဲ့သည် မြန်မာပြည်တောင်ဘက်စွန်း ကပ္ပလီပင်လယ်အော်၏ ပင်လယ်ပြာပြာ၊ မိုးပြာပြာနှင့် မြန်မာ့ပင်လယ် သမုဒ္ဒရာနယ်မြေ၏ သမိုင်းဝင်ဒေသဖြစ်သည့် မော်တင်စွန်းဘုရားပွဲသို့ ရောက်ရပေဦးတော့မည်။

ပုသိမ်ခရိုင် ငပုတောမြို့နယ်တို့ကို ကျော်ဖြတ်၍ ခုတ်မောင်းနေသည်။ အသွားခရီးအပြန်ခရီး တစ်ခေါက်ကို ကိုးနာရီကြာသည်။

မော်တင်စွန်းကို ရောက်ချိန်တွင် ကပ္ပလီပင်လယ်ပြင် မှိုင်းပြာပြာက နေဂရေ(အငူ)ရေချိုးဆိပ် သန္တာကျောက်တန်းများနှင့် ပနံရလှသည်။ ပင်လယ်လေ၊ ပင်လယ်ဒီလှိုင်းတို့ကို အဖစ်လိုက်အာဒါကျောက်တန်းကြီးက ကာဆီးထားသည်။

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်တောင်ပိုင်းရှိ မဟာ မကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တပေါင်းလဆန်းတစ်ရက်မှ တပေါင်းလပြည့်နေ့အထိ ၁၅ ရက်တိုင်တိုင် ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ဆံတော်ရှင် မြတ်မော်တင်စေတီကို မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ်ရှစ်ဆူကို ဇေယျသေန နဂါးမင်းသည်ရယူခဲ့ပြီး လူနတ်ဗြဟ္မာသတ္တဝါတို့၏ အကျိုးများဖွယ် ကိုးကွယ်ရာသာဖြစ်သင့်သည်ဟု ကြံစည်ပြီးလျှင် ရေးအခါ သရနတောင်၊ ယခု မော်တင်တောင်စွန်းကို တွေ့မြင်၍ ဝမ်းသာအားရစွာဖြင့် ထိုမော်တင်တောင်တွင် သမုဒ္ဒရာအတွင်းမှ ထုတ်ယူအပ်သော မြသား ရတနာတို့ဖြင့် စိုင်တမော့အရွယ်ရှိ စေတီတော်မြတ်ကို တည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်သည်ဟု လေ့လာဖတ်ရှုရသည်။

ဘုရားကြီးပရဝဏ်သည် လျှပ်စစ်မီးထိန်ထိန်ညီးနေသည်။ ဘုရားဖူးများသည် ဘုရားကြီးကုန်းတော်ပေါ်ရှိ ရေကန်ကြီးမှ ရေချိုများမှာယူ၍ ရေချိုးကြသည်။ နေဝင်သောအချိန်တွင် ဘုရားကုန်းတော်ပေါ်သို့တက်၍ ဘုရားဖူးကြသည်။

လူများ၊ နတ်များသာမက နတ်နဂါးတို့ကြည်ညိုပူဇော်ခဲ့သော စေတီဖြစ်ရာ နံနက်နှင့် ညနေချမ်းအချိန်အခါများတွင် ဇေယျသေန နဂါးမင်းအမှူးပြုသော ရေနတ်နဂါးတို့သည် စေတီတော်၏ အနောက်တောင်ဘက်လမ်းမှ ဝတ္ထုပစ္စည်းများယူဆောင်ကာ ပူဇော်မှုပြုခဲ့ကြသဖြင့် ထိုလမ်းကို နဂါးလမ်းဟူ၍လည်းကောင်း၊ ဆင်ဖြူတော်တို့သည် စေတီတော်၏ တောင်ဘက်အရပ်မှတက်၍ ဖူးမြော်ခဲ့ကြသဖြင့် စေတီတော်၏တောင်ဘက်လမ်းကို ဆင်ဖြူတော်လမ်းဟူ၍လည်းကောင်း၊ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တို့သည် ကြည်ညိုသဒ္ဓါ ထက်သန်စွာဖြင့် စေတီတော်၏ အရှေ့တောင်အရပ်မှ တက်ရောက်ဖူးမြော်ခဲ့ကြ၍ စေတီတော်၏ အရှေ့တောင်လမ်းကို ဝိဇ္ဇာဓိုရ်လမ်းဟုလည်းကောင်း ခေါ်တွင်လျက်ရှိကြောင်း လေ့လာသိရှိရသည်။

မြတ်မော်တင်စေတီတော်သို့ ရန်ကုန်မှရေကြောင်းခရီးဖြင့်သွားလျှင် ၂၅၃မိုင်ဝေးကွာကြောင်း သိရှိရသည်။ ရန်ကုန်မြို့ လမ်းသစ်ဆိပ်ကမ်း တံတားမှ လက်မှတ်များဝယ်ယူသွားလာနိုင်သည်။ ပုသိမ်မှလည်း လူများ၊ ကားများကို သင်္ဘောကြီးများနှင့် တင်သည်။ ခမောက်မော်ရွာသို့ကပ်သော ဆိပ်ကမ်းရှိသည်။ ရန်ကုန်၊ မအူပင်၊ ဝါးခယ်မ၊ ပုသိမ်၊ ငပုတော၊ ခမောက်မော်ခရီးစဉ်ကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်များနှင့် ပို့ဆောင်ပေးနေသည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလ၃၀ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပုသိမ်မြို့ရှိ အနောက်တောင်တိုင်း စစ်ဌာနချုပ် ညှိရိပ်သာ၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ လမ်းညွှန်မှာကြားခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်က အားထားရသည့် တိုင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်း၏ စိုက်ပျိုးမှုကောင်းလျှင် ကောင်းသလို၊ စိုက်ပျိုးရေးလုပ်ငန်းတိုးတက်လျှင် တိုးတက်သလို နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုလျက်ရှိကြောင်း။

ဧရာဝတီတိုင်း၏ မိုးစပါးစိုက်ပျိုးမှု တစ်ခုတည်းကိုပင် ကြည့်ပါက ဧက ၃၆ သိန်းကျော်ရှိသဖြင့် တစ်နိုင်ငံလုံး မိုးစပါးစိုက်ပျိုးမှု၏ ၂၅ရာခိုင်နှုန်းကျော်ခန့် ရှိနေကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းအနေဖြင့် မိမိ၏ စိုက်ပျိုးထုတ်လုပ်မှုကို မြင့်မားတိုးတက်နေအောင် အမြဲတမ်းအားထုတ်ကြိုးပမ်းနေရန်လိုကြောင်း။

ယခုအခါ ခြံစည်းရိုးကြက်ဆူပင်မှနေ၍ ဒီဇယ်ဆီအစားထိုး သုံးစွဲနိုင်သည့် ဇီဝဒီဇယ်ဆီကို လွယ်လွယ်ကူကူ ထုတ်လုပ်အသုံးပြုနိုင်ပြီဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခြံစည်းရိုးကြက်ဆူပင်များကို အောင်မြင်အောင် ဖိဖိစီးစီး တိုးချဲ့စိုက်ပျိုးသွားကြရမှာဖြစ်ကြောင်း၊ နောင်တစ်နှစ်ကျော် နှစ်နှစ်ခန့်ဆိုလျှင် မိမိတို့ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သော ဇီဝဒီဇယ်ဖြင့် သီးထပ်စိုက်ပျိုးရေးကို အပြည့်အဝ လုပ်ကိုင်နိုင်တော့မည် ဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် မိမိတို့နိုင်ငံ၏ ပေါကြွယ်ဝသော မြေသယံဇာတများကို အပြည့်အဝဖော်ထုတ် အသုံးချနိုင်အောင် ကြိုးပမ်းကြရန်လိုကြောင်း၊ သီးနှံစိုက်ဧကတိုးချဲ့ခြင်း၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်စေခြင်း၊ သီးထပ်စိုက်စွမ်းအား မြှင့်တင်ခြင်းတို့ဖြင့် လယ်ယာကုန်ထုတ်လုပ်မှု အခြေအနေကို တိုးတက်သည်ထက် တိုးတက်အောင် လုပ်ကိုင်သွားကြရမှာ ဖြစ်ကြောင်း"

လမ်းညွှန်မှာကြားခဲ့သည်။

ဧရာဝတီတိုင်းတွင် ငါးမွေးမြူရေးကန် ဧက၉၆၀၀၀ရှိပြီး ဧကတစ်သိန်းပြည့်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေလေသည်။ ဘဲနှင့် ဒေသကြက် မွေးမြူရေး လုပ်ငန်းများကိုလည်း တိုးတက်မွေးမြူဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းအတွင်း ရော်ဘာဧကတစ်သိန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက ပုသိမ်မြို့နယ်နှင့် မြောင်းမြမြို့နယ်တို့၌ ရော်ဘာမျိုးသန့်စေ့လေးသိန်း၊ ပျိုးပင် နှစ်သိန်း စိုက်ပျိုးရန်အတွက်လည်း ဆောင်ရွက်နေကြသည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ အကျဉ်းဦးစီးဌာန၊ တပ်ရင်းတပ်ဖွဲ့များ၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ရော်ဘာမျိုးသန့်စေ့ ၁၆၂၀၀၀၀ ရရှိပြီး ပျိုးပင် ၈၄၀၀၀၀ စိုက်ပျိုးလျက်ရှိသည်။ စူပရင်းကုမ္ပဏီ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ဟွန်ဒါမြန်မာကုမ္ပဏီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ရော်ဘာမျိုးသန့်စေ့ ၁၂၃၅၀၀၀ရရှိပြီး ပျိုးပင် ၆၃၀၀၀၀ စိုက်ပျိုးလျက်ရှိသည်။ စုစုပေါင်းရော်ဘာမျိုးသန့်စေ့ ၂၈၅၅၀၀၀ ရရှိပြီး ပျိုးပင် ၁၄၇၀၀၀၀ကို စီစဉ်စိုက်ပျိုးလျက် ရှိကြောင်း လေ့လာသိရှိရသည်။ ထို့နောက် တပ်ရင်း၊ တပ်ဖွဲ့အလိုက် လေးမျက်နှာမြို့နယ်ရှိ ချင်းလယ်၊ မြောင်းမြမြို့နယ်ရှိ သိလ္လာနှင့် ပုသိမ်မြို့နယ်ရှိ စိန်တောင်တို့တွင် စိုက်ပျိုးရန်အတွက် မျိုးသန့် ရော်ဘာစေ့ ၅၂၀၀၀၀ရရှိပြီး ရော်ဘာပျိုးပင် ၂၈၀၀၀၀ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

စာရေးသူတို့ကားလေးသည် ပုသိမ်–ဒါးက၊ အိမ်မဲ–မြောင်းမြကားလမ်းအတိုင်း မောင်းနှင်လာခဲ့ရာ ခရီးမိုင် ၆၅မိုင်ရှိပြီး ပမ္ပဝတီမြစ်ကူးတံတား(မြင်းကဆိပ်)ပြီးစီးသွား၍ ပုသိမ်–ကံကုန်း–မြင်းကဆိပ်–မြောင်းမြဖြတ်လမ်းဖြင့်သွားပါက ခရီးမိုင် ၃၂မိုင်သာရှိမည်ဖြစ်သဖြင့် ခရီးမိုင်၃၃မိုင်တိုတောင်းသက်သာမည်ဖြစ်ကြောင်း လေ့လာသိရှိရသည်။

ပမ္ပဝတီမြစ်ကူးတံတား (မြင်းကဆိပ်)သည် အရှည်ပေ ၁၂၆၀ ရှိ ဘေလီသံပေါင်ကြိုးတံတား အမျိုးအစား ဖြစ်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၅)က တာဝန်ယူ တည်ဆောက်ခြင်းဖြစ်သည်။

ဟိုင်းကြီးကျွန်းဒေသသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ ဆားလုပ်ငန်း၊ မီးသွေးဖုတ်ခြင်းလုပ်ငန်း၊ ဓနိလုပ်ငန်းများဖြင့် စီးပွားရေးကောင်းမွန်သော ဒေသဖြစ်သည်။ သမီးလှကျွန်း ဒေသသည် မီးပြတိုက်ရှိ၍ အာဆီယံ၁၀နိုင်ငံ၏ လိပ်မွေးမြူရေးအဖွဲ့ဝင် ကျွန်းတစ်ကျွန်းဖြစ်သည်။ လိပ်များကိုတံဆိပ်ခတ်နှိပ်၍ နှစ်ရှည်စီမံကိန်းချ မွေးမြူလျက်ရှိသည်။

ဧရာဝတီတိုင်းအနေဖြင့် ၂၀၀၄–၂၀၀၅ ခုနှစ်တွင် စီးပွားရေးကဏ္ဍအသီးသီးအနက် လယ်ယာကဏ္ဍသည် အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၅၀ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ မွေးမြူထုတ်လုပ်ရေးသည် အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၁၂ ဒသမ ၃ ရာခိုင်နှုန်း ပါဝင်လျက်ရှိသည်။

နိုင်ငံတော်၏ စီမံအားပေးမှုအရ စပါးအပါအဝင် သီးနှံများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာတွင် ဧရာဝတီတိုင်းအနေဖြင့် ၂၀၀၄–၂၀၀၅ ယခင်နှစ်က မိုးစပါး၊ နွေစပါး စုစုပေါင်းဧက ၄၅ ဒသမ ၅ သိန်းကျော်၊ ပဲမျိုးစုံဧက ၁၅ ဒသမ ၂၈ သိန်းကျော် ဆီထွက်သီးနှံဧက ၃ဒသမ၉၇သိန်းနှင့် ပြောင်းသီးနှံ ၁ ဒသမ ၅သိန်းကျော် စိုက်ပျိုးနိုင်ခဲ့သည်။

လယ်ယာကဏ္ဍနည်းတူ မွေးမြူရေးကဏ္ဍကို တိုးချဲ့လျက်ရှိရာတွင် ဧရာဝတီတိုင်းအတွင်း ၂၀၀၄–၂၀၀၅ ယခင်နှစ်အထိ ငါး၊ ပုစွန် စုစုပေါင်း ဧက ၁၆၆၃၃၆ ကျော်မွေးမြူထားပြီးဖြစ်သည်။ သဘာဝ ငါး၊ ပုစွန်လျော့ပါးမှုကို ပြန်လည်ဖြည့်တင်းပေးနိုင်ရန် ဧရာဝတီတိုင်းအတွင်း မြစ်ချောင်း၊ အင်းအိုင် ရေပြင်များ၊ စပါးခင်းများတွင် ငါးသားပေါက်များ ထည့်သွင်းမွေးမြူထားသည်။

ယခုကဲ့သို့ ဧရာဝတီတိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများအပေါ် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်၏ စီမံကြိုးပမ်းအားထုတ်မှု၊ ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှု၊ သီးနှံထူးချွန်ဆုရ လယ်သမားများ အပါအဝင် ဒေသခံပြည်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုနှင့် တိုင်းအတွင်းလာရောက်လုပ်ကိုင်နေကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စေတနာအပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်သည်။

ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စပါးကျီဖြစ်ပြီး သားငါးထုတ်လုပ်မှုတွင်လည်း အားထားရသည့် တိုင်းဖြစ်၍ လယ်ယာသားငါးထွက်ကုန်များကို နှစ်စဉ်တိုးတက်အောင် ထုတ်လုပ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၅–၂၀၀၆ခုနှစ်တွင် မိုးစပါးဧက ၃၆သိန်းစိုက်ပျိုးနိုင်ခဲ့ပြီး လာမည့်နှစ်တွင် ဧကတစ်သိန်း ထပ်တိုး၍ ဧက ၃၇ သိန်း စိုက်ပျိုးနိုင်ရေးအတွက် စီမံချက်ရေးဆွဲပြီး အားလုံးဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ အားတက်ဖွယ်ဖြစ်သည်။

နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်ပင် သုံးမျိုး၊ အမယ်သစ်(အမည်သစ်) သုံးမျိုးကို တိုးတက်စိုက်ပျိုးလျက်ရှိသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူများအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိမည့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို သုံးနှစ်အတွင်း စိုက်ဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးရေးအတွက် ဝီရိယစိုက်ထုတ် ဆောင်ရွက်နေကြသည်။

ကျေးရွာများတွင်လည်းကောင်း၊ ဥယျာဉ်ခြံများတွင်လည်းကောင်း၊ ခြံစည်းရိုးအဖြစ် စိုက်ပျိုးရန်နှင့် မြေအလုံအလောက်ရှိသည့်နေရာများတွင် စိုက်ခင်းကြီးများထူထောင်၍ သိပ္ပံနည်းကျ စိုက်ပျိုးရေးအတွက် ပညာပေးစည်းရုံးမှုများ၊ ပံ့ပိုးမှုများကို တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးနေကြသည်။

ပုသိမ်မြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့ ၁၂၀၀၀ ပျိုးထောင်ထားမှု၊ ပျိုးကိုင်း ၁၀၀၀၀ ပျိုးထောင်ထားမှု၊ ပျိုးကိုင်းစိုက်ခင်း နှစ်ဧကစိုက်ပျိုးထားမှုနှင့် ပျိုးကိုင်းပျိုးထောင်ရန် ပျိုးအိတ်အတွင်း ထည့်သွင်းထားရှိမှုများကိုလည်း လေ့လာခဲ့ရသည်။

ခြံစည်းရိုးကြက်ဆူပင်မှ ထုတ်လုပ်သည့် ဇီဝဒီဇယ်ဆီကို လက်တွန်းထွန်စက်၊ ရေတင်စက်၊ အသေးစား လျှပ်စစ်ဓာတ်အားပေးစက်နှင့် ထော်လာဂျီတို့တွင် စက်မောင်းဆီအဖြစ် အသုံးပြုနိုင်သည်။ ကြက်ဆူစေ့ကြိတ်ဖတ်များကိုလည်း မြေဩဇာအဖြစ် အသုံးပြုနိုင်သည်။ ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးနိုင်ပြီး အပင် ၁၂၀၀ လျှင် တစ်ဧကနှုန်းဖြင့် စိုက်ပျိုးပါက ဒီဇယ်ဆီ ၇၃ ဂါလန်မှ ဂါလန် ၁၀၀အထိ ရရှိနိုင်သည်။ သဘာဝမြေဩဇာ တစ်တန်ခန့်ကိုလည်းရရှိပြီး တစ်ဧကလျှင် ခြံစည်းရိုးကြက်ဆူစေ့နှစ်တန် ထွက်ရှိသည်။

ခြံစည်းရိုးကြက်ဆူပင်ကို တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် သတ်မှတ်ပေးထားသည့် စီမံချက်များနှင့်အညီ စိုက်ပျိုးလုပ်ကိုင်နေကြပြီဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍနှင့် သားငါးကဏ္ဍတွင် နိုင်ငံတော်က အားထားရသည့် ဧရာဝတီတိုင်းမှ ဒေသခံတိုင်းရင်းသားပြည်သူတို့၏ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား မြင့်မားအောင် ကြိုးပမ်းအားထုတ်နေပုံများကို လေ့လာတင်ပြလိုက်ရပါသည်။ ။

ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စပါးကျီဖြစ်ပြီး သားငါးထုတ်လုပ်မှုတွင်လည်း အားထားရသည့် တိုင်းဖြစ်၍ လယ်ယာသားငါးထွက်ကုန်များကို နှစ်စဉ်တိုးတက်အောင် ထုတ်လုပ်ဆောင်ရွက်လျက်ရှိ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့က သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရရှိကြသည့် ရန်ကုန်တိုင်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် အင်းလျားမြိုင်လမ်း အမှတ်၃၄(အေ)နေ ဒေါ်မြတ်မြတ်စိုးနှင့် ရန်ကုန်တိုင်း ရန်ကုန်မြို့ လှိုင်မြို့နယ် မာတင်ရိပ်သာ ခပေါင်းလမ်း ခြံအမှတ်၇/၃နေ ဒေါ်သူဇာမင်းတို့အား လည်းကောင်း၊ သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရရှိကြသည့် ပဲခူးတိုင်း ပဲခူးမြို့နယ် ဈေးပိုင်းရပ်ကွက် (၁၉)လမ်း အမှတ်၄၆နေ ဒေါ်ဆက်ဆက်ငွေး၊ မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရဲမွန်တောင် (၃၅)လမ်း အမှတ် [မ–၈၁–၂၂(က)]နေ ဒေါ်ဖြူဖြူဝင်းနှင့် ရန်ကုန်တိုင်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်း ရေတမာလမ်း အမှတ် ၄၄နေ ဒေါ်ကြူကြူသင်း(ခ)ဒေါ်ကျင်ထိုတို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို အပ်နှင်းသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက သီဟသုဓမ္မသိင်္ဂီဘွဲ့ရ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် စောမဟာလမ်း အမှတ် ၈–က နေ ဒေါ်သန်းသန်းစိန်အား လည်းကောင်း၊ သုဓမ္မသိင်္ဂီဘွဲ့ရရှိကြသော ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ထော်လန်းကျေးရွာနေ ဒေါ်မြရွှေ၊ ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လယ်ယာရွှေမြေလမ်း အမှတ် ၈၃၄နေ ဒေါ်နုနုငယ်နှင့် ဧရာဝတီတိုင်း ဟင်္သာတမြို့ ရုံးကြီးရပ် စည်ပင်သာယာလမ်းနေ ဒေါ်အေးရီတို့အားလည်းကောင်း၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ရရှိကြသော ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်း သာသနာပြုကွက်နေ ဒေါ်ဂျပ်ကော့၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၆)ရပ်ကွက် ပြည်လမ်း ခုနစ်မိုင် ပြည်သူ့လမ်း အမှတ် ၉နေ ဒေါ်တင်တင်စိန်နှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက် ဝဏ်ဘာလမ်း အမှတ် ၄ နေ ဒေါ်ခင်လှတင်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကိုအပ်နှင်းသည်။

နာယူမှတ်သား

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးတွင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ ဟူ၍ သာသနာသုံးရပ်ရှိပါကြောင်း၊ ထိုသာသနာသုံးရပ်တွင် ပရိယတ္တိသာသနာတည်းဟူသော ပိဋကသုံးသွယ် နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာတရားတော်တို့ မေးမှိန်ပျောက်ကွယ်ခြင်းမရှိဘဲ သန့်ရှင်းစင်ကြယ်စွာ တည်ရှိနေသမျှကာလပတ်လုံး သဗ္ဗညုဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ရာမရောက်ဘဲ သက်တော်ထင်ရှားရှိသည်နှင့်မခြားအလားတူကြောင်း ဆရာတော်များ ဟောကြားထားသည်ကို နာယူမှတ်သားဖူးပါကြောင်း။

ရှေးရှေး ရဟန္တာမထေရ်မြတ်ကြီးများမှ အစပြု၍ ယခုမျက်မှောက်သမ္မုတိသံဃာတော်များအထိ ရဟန်းသံဃာတော်အဆက်ဆက်တို့သည် အခြေခံမူလကျသည့် ပရိယတ္တိသာသနာတော် မညိုးမှိန်စေရေးအတွက် တရားတော်ဓမ္မက္ခန္ဓာများကို သင်္ဂါယနာခြောက်တန်တင်၍ လည်းကောင်း၊ တပည့်ရဟန်းသာမဏေအဆက်ဆက်တို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချ၍

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

လည်းကောင်း အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသဖြင့် မိမိတို့မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် ဂုဏ်ရှိန်မြင့်မားလျက် ပကတိအတိုင်း ဆည်းကပ်ကိုးကွယ်ခွင့်ရရှိနေခြင်းဖြစ်ပါကြောင်း။

အစဉ်ထာဝရပံ့ပိုးလှူဒါန်း

မိမိတို့မြန်မာနိုင်ငံတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်ကြီးငယ်တို့တွင် ပရိယတ္တိစာပေများ သင်ကြားပို့ချဆည်းပူး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

လျက်ရှိကာ ဂန္ထဓုရတာဝန်ကို ဆရာတပည့် အစဉ်အဆက်ထမ်းဆောင်တော်မူလျက်ရှိသည်မှာ အားရဖွယ်ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးအပါအဝင် ပြည်တွင်းပြည်ပ သာသနာပြုဌာနများ၊ ကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်များ၊ နယ်စပ်ဒေသနှင့် တောင်တန်းဒေသ သာသနာပြုကျောင်းများမှလည်း ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများနှင့် ဝိပဿနာဓုရလုပ်ငန်းတာဝန်များကို အသီးသီးဆောင်ရွက်တော်မူလျက်ရှိကြပါကြောင်း၊ ဆရာတော်များ၏ သာသနာပြုဆောင်ရွက်မှုများ ကျယ်ပြန့်သည်နှင့်အမျှ နိုင်ငံတော်အစိုးရနှင့်တကွ မိမိတို့ ဒါယကာ၊ ဒါယိကာမများကလည်း အစဉ်ထာဝရပံ့ပိုးလှူဒါန်းပူဇော်လျက်ရှိပြီး ဆရာတော်များ၏ ဩဝါဒကို ခံယူကာ အစဉ်အလာကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဘုရားရှင်လက်ထက်တော်အခါက ဘုရားရှင်သည် တပည့်သာဝက ရဟန်း ပရိသတ်၊ လူပရိသတ်ထဲမှ အရာဌာနအားလျော်စွာ ထင်ရှားသည့် ပုဂ္ဂိုလ်ထူးများအား ဧတဒဂ်ဘွဲ့ထူးဂုဏ်ထူးများ သတ်မှတ်ချီးမြှောက်ပေးအပ်ခဲ့သည့် အစဉ်အလာကိုယူလျက် ရှေးရှေး သာသနာပြုမင်းကောင်း မင်းမြတ်များနည်းတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ လွတ်လပ်ရေးနေ့ရောက်တိုင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

ယခုနှစ် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၆)ကို ထုတ်ပြန်ကြေညာလျက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းခဲ့ရာ–

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး	**၃**	**ပါး**
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး	**၅**	**ပါး**
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရဆရာတော်	**၁**	**ပါး**
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်	**၂၂**	**ပါး**
သာသနာပြု ဘွဲ့တံဆိပ်တော်ရ ဆရာတော်	**၁၅၂**	**ပါး**
ဓမ္မကထိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်	**၆**	**ပါး**
ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်	**၂၅**	**ပါး**
စာချ ဘွဲ့တံဆိပ်တော်ရ ဆရာတော်	**၁၀၅**	**ပါး**
စာချဘွဲ့တံဆိပ်တော်ရ သီလရှင်	**၁၆**	**ပါး**
သာသနာပြုဘွဲ့တံဆိပ်တော်ရ သီလရှင်	**၄**	**ပါး**
သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား	**၃**	**ဦး**
သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသမီး	**၃**	**ဦး**
သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသား	**၂၃**	**ဦး**
သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး	**၂၄**	**ဦး**

စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရပုဂ္ဂိုလ် ၃၉၂ ဦးဖြစ်ပါကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

လေးစားတန်ဖိုးထား

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းရာတွင် ဆရာတော်အရှင်သူမြတ်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးထားဆောင်ရွက်တော်မူကြလျက် သာသနာပြုတော်မူခြင်း သာသနဟိတဓရဂုဏ်၊ တရားတော်များကို သင်ကြားပို့ချဟောပြောညွှန်ပြခြင်း ဓမ္မာနုဂ္ဂဟဂုဏ်တို့ကိုရည်မှန်း၍လည်းကောင်း၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများ၏ သာသနာပြုစွမ်းရည်နှင့် ဥပါသကာ၊ ဥပါသိကာ အမျိုးသား အမျိုးသမီးတို့၏ သာသနာတော်ကို စေတနာသဒ္ဓါထက်သန်စွာ ချီးမြှောက်ထောက်ပံ့ခြင်း သာသနာနုဂ္ဂဟဂုဏ်တို့ကို လေးစားတန်ဖိုးထား၍လည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်း ပူဇော်ခြင်းဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားတွင် လမ်းညွှန်စီစဉ်ပေးသော နိုင်ငံတော်အစိုးရနှင့်တကွ ပါဝင်ဆောင်ရွက်ပေးကြသော ဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင်လှူဒါန်းကြသော ဌာနဆိုင်ရာအဖွဲ့အစည်း အသီးသီးနှင့်တကွ စေတနာရှင် အလှူရှင်များနှင့် ဝေယျာဝစ္စဆောင်ရွက်ပေးကြသူများ၏ ပြုပြုသမျှသော ကုသိုလ်ကောင်းမှု အစုစုအဖြာဖြာသည် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါစေကြောင်းနှင့် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့၏ ဩဝါဒကိုနာယူလျက် နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားတို့ ဆရာ ဒကာ လက်တွဲညီညာစွာဖြင့် သာသနာတော်မြတ်ကြီးအကျိုး ပွားတိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မိမိ၏လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

တပေါင်းလပြည့်နေ့တွင် ကုသိုလ်ကောင်းမှုပြုသူ များပြား စေတီ၊ ပုထိုးများ၌ တရားဘာဝနာပွားများသူများဖြင့် စည်ကား

ရန်ကုန် မတ် ၁၃

မြန်မာလများတွင် (၁၂)ကြိမ်မြောက်လသည် တပေါင်းလဖြစ်သည်။ တပေါင်းလတွင် မြစ်များ၊ ချောင်းများ ရေစစ်ကာ သောင်ခုံသဲပြင်များ ပေါ်ထွန်းသဖြင့် သဲပုံစေတီတည်သော ရာသီပွဲများ ကျင်းပလျက်ရှိသည်။ တပေါင်းလရာသီပွဲတော်သည် သဲပုံစေတီတော်ပွဲတော်ဖြစ်သည်နှင့်အညီ သဲများစုပုံ၍ စေတီအသွင်တည်ကာ သဗ္ဗညုတမြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကြခြင်းဖြစ်သည်။

တပေါင်းလအခါတွင် ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ ခမည်းတော် သုဒ္ဓေါဓနမင်းကြီးနှင့် ဆွေတော် မျိုးတော်တို့အား တရားဟောကြားရန် ဂေါတမနွယ်ဖွား မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွရောက်ရန်စီစဉ်သည့် အခါသမယဖြစ်သည်။ တပေါင်းလတွင် ဘာသာရေးပွဲအဖြစ် ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပချိန်ဖြစ်ရာ အမြို့မြို့အနယ်နယ်ရှိ စေတီပုထိုးဘုရားများ၌ ဗုဒ္ဓပူဇနိယပွဲတော်တို့ဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တပေါင်းလပြည့်နေ့တွင် ဘုရားဖူးပြည်သူများသည် ပန်း၊ရေချမ်း၊ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဥပုသ်သီလ ဆောက်တည်ကြသည်။ ဝေနေယျသုခ ရေချမ်းစင်အသင်းကလည်း ဘုရားဖူးပြည်သူများအား သောက်ရေသန့်ဘူးများ ဒါနပြုကြသည်။

ဆူးလေစေတီတော်၌လည်း ဘုရားဖူးလာ ပြည်သူများက ဆူးလေစေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ရွှေစင်ရွှေပြားများ လာရောက်လှူဒါန်းလျက်ရှိသည်။

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၌ တပေါင်းလပြည့် အခါသမယတွင် ဘုရားဖူးလာ ပြည်သူများ ဥပုသ်သီတင်းသီလဆောက်တည်ကြသူများ၊ တရားဘာဝနာ ပွားများကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။ စေတီရင်ပြင်ရှိ ဩဝါဒ ပါတိမောက်ခမ္မစေတီတော်၊ တိလောကမာရဇိန် မဟာမုနိနန်းဦးဘုရားကြီး တန်ဆောင်း၊ ရှင်ဥပဂုတ္တတန်ဆောင်း၊ ရှင်သီဝလိ တန်ဆောင်း စသည့် သာသနိကအဆောက်အအုံများ၌လည်း မေတ္တသုတ် ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

တပေါင်းလပြည့်နေ့တွင် ရွှေတိဂုံစေတီတော်၊ မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ ဗိုလ်တထောင် စေတီတော်၊ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ ကျိုက်ဝိုင်းစေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်၊ မယ်လမုစေတီတော်၊ မိုးကောင်းဘုရား၊ ကျိုက္ကစံစေတီတော်၊ ဥက္ကလာပစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရား၊ သန်လျင် ကျိုက်ခေါက်စေတီတော်၊ ကျောက်တန်းမြို့ ကျိုက်မှော်ဝန်း ရေလယ်စေတီတော်၊ ခရမ်းမြို့ ကြေးသွန်းဘုရားကြီးတို့၌ ဘုရားဖူးလာ ပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ကြခြင်း၊ တရားဘာဝနာပွားများခြင်း စသည့် ကုသိုလ်ကောင်းမှုပြုကြသူတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

တပေါင်းလပြည့်နေ့က ရွှေတိဂုံစေတီတော်ရင်ပြင်တော်တွင် ဘုရား ဖူးလာ ပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် ဤသို့ စည်ကား လျက်ရှိသည်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

မဟာဝိဇယစေတီရင်ပြင်တွင် တရား ဘာဝနာ ပွားများကြခြင်းဖြင့် ကုသိုလ်ကောင်း မှု ပြု သူများကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)



တပေါင်းလပြည့်နေ့က ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်တွင် ဘုရားဖူးလာပြည်သူများ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသည်ကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန်မြို့ပေါ်ရှိ ဘုရားကျောင်းကန်များတွင် ကုသိုလ်ကောင်းမှုပြုသူများ များပြားလျက်ရှိရာ ဗိုလ်တထောင်မြို့နယ် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင်လည်း နိုင်ငံခြားသားများ လာရောက်ကြည်ညိုလျက်ရှိသည်ကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)



တပေါင်းလပြည့်နေ့က မဟာဗေယျအတုလမာရဇိန်ကြေးသွန်းဘုရားကြီးတွင် ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာ ၁၁ မှ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩသဓာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများလောင်းလှူ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမိသားစု၊ ဝန်ကြီးချုပ်ရုံး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ၊ စစ်ရေးချုပ်ရုံးမိသားစု၊ စစ်ထောက်ချုပ်ရုံးမိသားစု၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းဆေးလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများအသင်း၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကအလှူရှင်များက သတ်မှတ်နေရာအသီးသီးတို့တွင် ဆွမ်းဆန်စိမ်းအစရှိသော လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရား ထက်သန်စွာဖြင့် လောင်းလှူကြသည်။

ယင်းသို့ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စေတနာရှင်ပြည်သူများသည် မဟာပါသာဏလိုဏ်ဂူအရှေ့ဘက်မှ တောင်ဘက်အထိ လိုဏ်ဂူပတ်လမ်းတစ်လျှောက် ဝိဇယမင်္ဂလာဓမ္မသဘင် အနောက်ဘက်မှ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အနောက်ဘက်မုခ်လမ်းတစ်လျှောက်၊ ထိုမှတစ်ဆင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဝင်လမ်းတစ်လျှောက်တို့ရှိ သတ်မှတ်နေရာအသီးသီးတို့မှနေ၍ စုစုပေါင်းငွေကျပ် ၁၃၀၅၅၉၇၂၇ တန်ဖိုးရှိသည့် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာဖြင့် လောင်းလှူပူဇော်ကြရာ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ ဒါနသံများ ပျံ့လွင့်လျက်ရှိသည်။ **(သတင်းစဉ်)**

မြောင်းမြ(အကြေပုဂံ)မှ အက္ခရာပါသော ရှေးဟောင်းရွှေဒင်္ဂါးများနှင့် ရွှေလက်စွပ်များ ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းလှူဒါန်းအပ်နှံ

ရန်ကုန် မတ် ၁၃

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်ထံသို့ ဧရာဝတီတိုင်း မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွင့်ဝင်းနှင့် တာဝန်ရှိသူများက မြောင်းမြခရိုင် မြောင်းမြမြို့ဟောင်း(အကြေပုဂံ)ဒေသမှ ဖော်ထုတ်သိမ်းဆည်းပြီး ယာယီထိန်းသိမ်းစောင့်ရှောက်ထားခဲ့သော ရှေးဟောင်းရွှေထည်ပစ္စည်းများကို ယမန်နေ့က လာရောက်လွှဲပြောင်း လှူဒါန်းအပ်နှံသည်။



ဖောင်းကြွရုပ်ပုံများနှင့် ရှေးဟောင်းအက္ခရာများပါသော ရှေးဟောင်းရွှေဒင်္ဂါးပြားများနှင့် လက်စွပ်များကို တွေ့ရစဉ်။

(သတင်းစဉ်)



အဆိုပါ ရှေးဟောင်း ရွှေထည်ပစ္စည်းများမှာ (က) ဖောင်းကြွရုပ်ပုံများနှင့် ရှေးဟောင်း အက္ခရာများပါဝင်သော ရှေးဟောင်းရွှေဒင်္ဂါး ရှစ်ပြား၊ (ခ)ဘူးနွယ်ပုံစံ အပါအဝင် ရှေးဟောင်း ရွှေလက်စွပ် ၁၀ကွင်း၊ ရွှေတုံးရွှေခဲ နှစ်ခု စုစုပေါင်း အလေးချိန်(၉–၉နှင့် ၁ရွေးခန့်)ဖြစ်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဧရာဝတီတိုင်း မြောင်းမြခရိုင်၌ရှိသော မြောင်းမြမြို့ဟောင်းသည် တစ်ချိန်က အကြေပုဂံအဖြစ် ထင်ရှားကျော်ကြားခဲ့သော မြို့ပြယဉ်ကျေးမှု ထွန်းကားခဲ့သည့် ရှေးဟောင်းမြို့တော်တစ်ခု ဖြစ်ခဲ့ကြောင်း၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပညာရှင်များအား ၂၀၀၅ ခုနှစ်တွင် မြောင်းမြမြို့ဟောင်း (အကြေပုဂံ)သို့ ကွင်းဆင်းလေ့လာသုတေသန ပြုစေခဲ့ရာ ပုဂံခေတ် ယဉ်ကျေးမှုလက်ရာ သာသနိက အဆောက်အအုံများ၊ ပုဂံခေတ် အုတ်ခွက်ဘုရားများ၊ ရှေးဟောင်း အုတ်လမ်းမကြီးများ အပါအဝင် ခိုင်မာသော အထောက်အထားအချို့ကို တွေ့ရှိထားကြရကြောင်း၊ ၂၀၀၆–၂၀၀၇ခုနှစ်မှစ၍ မြောင်းမြမြို့ဟောင်း (အကြေပုဂံ)ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံများကို ကွင်းဆင်းရှာဖွေပြီး စနစ်တကျ စာရင်းသွင်း မှတ်ပုံတင်ခြင်း၊ စီမံချက်များရေးဆွဲ၍ နှစ်အလိုက် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဖော်ထုတ်သိမ်းဆည်းပေးခဲ့ခြင်း၊ယာယီထိန်းသိမ်း စောင့်ရှောက်ပေးခဲ့ခြင်းနှင့် လာရောက် လွှဲပြောင်းလှူဒါန်း အပ်နှံခြင်းတို့အတွက် အထူးပင် ကျေးဇူးဥပကာရတင်ရှိကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ရှေးဟောင်း ရွှေထည်ပစ္စည်းများကို လွှဲပြောင်းလှူဒါန်းအပ်နှံရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက လက်ခံရယူသည်။ အဆိုပါရှေးဟောင်းရွှေဒင်္ဂါးများမှ ရုပ်ပုံများနှင့် အက္ခရာများကို ရှေးဟောင်း သုတေသနဦးစီးဌာနမှ ပညာရှင်များက အသေးစိတ် လေ့လာသုတေသနပြု ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တန့်ကြည့်တောင်ဝိပဿနာ အဓိဋ္ဌာန်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၃

တန့်ကြည့်တောင်ဆရာတော်ကြီးသည် ရန်ကုန်သို့ ကြွရောက်ပြီး သတိပဋ္ဌာန် ဝိပဿနာ ၇ ရက် အဓိဋ္ဌာန်ပွဲများကို မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်းကျေးရွာအနီးရှိ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန တန့်ကြည့်တောင်ဝိပဿနာ(ရန်ကုန်)၌ ဟောကြားပြသမည်ဖြစ်သည်။

အဓိဋ္ဌာန်ပွဲများကို ပထမပတ် မတ် ၁၅ ရက် ညနေမှ ၂၂ ရက် နံနက်အထိ၊ ဒုတိယပတ် မတ် ၂၂ ရက်ညနေမှ ၂၉ ရက် နံနက်အထိ၊ တတိယပတ် မတ်၂၉ရက်ညနေမှ ဧပြီ ၅ရက် နံနက်အထိပြုလုပ်မည်ဖြစ်သည်။တရားအားထုတ်လိုသော ယောဂီများသည် ရိပ်သာ ဖုန်း–၆၃၈၀၈၈ နှင့် ကပ္ပိယကာရက အဖွဲ့ဝင်များထံ ဆက်သွယ်၍ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

လောင်စာတွေကိုရှင်း
မီးဘေးအန္တရာယ်ကင်း

ကမ္ဘာ့တစ်လွှား အားကစား

ရှန်နေ၏ဂိုးများဖြင့် မန်ယူနိုင်ပွဲဆက် ဟိုက်ဘူရီ၌ အွန်နရီသွင်းဂိုးများကြောင့် လီဗာပူးရှုံးနိမ့်

စုစည်းရေးသားသူ **မောင်မောင်မြင့်ဆွေ**

လန်ဒန် မတ် ၁၃

ပရီမီယာလိဂ်ပွဲစဉ်(၂၈) လက်ကျန်ပွဲအဖြစ် မန်ယူနှင့် နယူးကာဆယ်ပွဲစဉ်(၂၉)အဖြစ် အာဆင်နယ်နှင့် လီဗာပူး၊ ချာလ်တန်နှင့် မစ်ဒယ်ဘရော့တို့ မတ် ၁၂ရက်က ယှဉ်ပြိုင်ကစားရာ မန်ယူက တိုက်စစ်မှူးရှန်နေ သွင်းဂိုးများဖြင့် နိုင်ပွဲရရှိခဲ့သလို အာဆင်နယ်ကလည်း အွန်နရီ၏ သွင်းဂိုးများဖြင့် အောင်ပွဲဆင်နိုင်ခဲ့သည်။

မန်ယူနှင့်နယူးကာဆယ်

ပရီမီယာလိဂ်၌ ဒုတိယနေရာကို ခိုင်မြဲရန် ကြိုးစားနေသော မန်ယူတို့ အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ နယူးကာဆယ်ကို စောစီးစွာ အဖွင့်ဂိုး အနိုင်ဂိုးများ သွင်းထားနိုင်ခဲ့သည်။

မန်ယူလူငယ် တိုက်စစ်မှူးများဖြစ်သည့် ဆာဟာ၊ ရှန်နေ၊ စီရိုနယ်ဒိုတို့အပြင် ပတ်ဂျီဆန်နှင့် ရိုင်ယန်ဂစ်တို့ကလည်း တောင်ပံများမှတိုက်စစ်ကို အားဖြည့်ပေးခဲ့ရာ ပွဲချိန် ရှစ်မိနစ်မှာပင် မန်ယူ တိုက်စစ်မှူး ရှန်နေက ဝဲဘက်ခြမ်းမှနေပြီး ညာခြေဖြင့် အနိမ့်ဘောကန်သွင်းယူလိုက်သဖြင့် မန်ယူတို့ အဖွင့်ဂိုးရရှိသွားခဲ့သည်။

ဒုတိယဂိုးရရှိ

အလန်ရှီးယား၊ အမီယိုဘီနှင့် ဆိုလာနိုတို့ မန်ယူနောက်တန်းကို ထိုးဖောက်ကစားနိုင်သော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ဘဲ ရှိနေရာ ပွဲချိန် ၁၂ မိနစ်တွင် ရှန်နေက နယူးကာဆယ် ဂိုးဧရိယာအတွင်း ပယ်နယ်တီအမှတ်အသားအနီးမှ ညာခြေဖြင့် ကန်သွင်းယူခဲ့ပြန်သဖြင့် ဒုတိယဂိုး ရရှိခဲ့ခြင်းဖြစ်သည်။

ချေပဂိုးမသွင်းနိုင်

ရှန်နေ၏ တွန်းတွန်းတိုက်တိုက် ထိုးဖောက်ကစားမှုကို နယူးကာဆယ်နောက်တန်းခံစစ်မှူးများ ကြိုးစား ဟန့်တားခဲ့ရသည်။ ချေပဂိုးများရရှိရေး နယူးကာဆယ်တို့က အမီယိုဘီအစား ဘောင်ယာ၊ ဆိုလာနိုအစား ဒိုင်ယာနှင့် ဇော့ဘီယာအစား လုကေးတို့ ဝင်ရောက် ကစားခဲ့သော်လည်း ကစားကွက် ထူးခြားမလာသဖြင့် ချေပဂိုးပင် မသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

မန်ယူတို့ကလည်း ဆဲလ်ဇက်စတားအစား အီဗရာ၊ စီရိုနယ်ဒိုအစား နစ္စတယ်ရွိုင်းတို့ဝင်ရောက်ကစားသော်လည်း ဂိုးထပ်မံ မသွင်းနိုင်ဘဲ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်(၂၈)အဖြစ် မန်ယူနှင့် နယူးကာဆယ်တို့ပွဲတွင် မန်ယူတိုက်စစ်မှူး ရှန်နေ၏ ထိုးဖောက်ကစားဟန်။

(ဓာတ်ပုံ–အင်တာနက်)

မန်ယူတို့ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ၂၈ပွဲကစား အမှတ် ၆၀ရရှိကာ ပထမနေရာမှ ချယ်လ်ဆီးအသင်းနှင့် တစ်ပွဲလျော့ ၁၅မှတ် အကွာ၌ ရပ်တည်နေသည်။ နယူးကာဆယ်မှာ ၂၉ ပွဲကစား ၃၉ မှတ်ဖြင့် အဆင့် ၁၂ နေရာ၌ ရှိနေသည်။

အာဆင်နယ်နှင့်လီဗာပူး

ပရီမီယာလိဂ်၌ အသင်းကြီးများနှင့်ကြုံတိုင်း လီဗာပူးတို့ ရှုံးပွဲများ ဖြင့်သာ ကြုံတွေ့နေရသည်။ ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်တို့၌ ပုံမှန်ခြေစွမ်း ပြန်ရလာသော အာဆင်နယ်တို့ လီဗာပူးအပေါ် ဖိဖိစီးစီးကစားနိုင်ခဲ့သည်။ အွန်နရီ ဦးဆောင်သော အာဆင်နယ် တိုက်စစ်သည် ထက်မြက်ဆဲဖြစ်ရာ လီဗာပူး နောက်တန်း ခံစစ်မှူးများ စုစု စည်းစည်း ပိတ်ဆို့ကာကွယ်ခဲ့ရသည်။

အဖွင့်ဂိုးစတင်ရရှိ

အွန်နရီ၊ ယွန်းဘတ်၊ အဒီဘာယာတို့က နားလည်မှုရှိရှိဖြင့်ထိုးဖောက်ကစားရာ ပထမပိုင်းပွဲချိန် ၂၁မိနစ်တွင် အွန်နရီက လီဗာပူးဂိုး ၁၂ကိုက်အကွာမှ ညာခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ အဖွင့်ဂိုး စတင်ရရှိခဲ့သည်။

လီဗာပူးတို့အဖွင့်ဂိုးရရှိရေး တိုက်စစ်ဆင်ကစားသော်လည်း ခရော့ချ်၏ ခေါင်းတိုက်ချက်၊ ဂျရတ်၏ကန်သွင်းချက်၊ ဂါစီယာ၏ဂိုးသွင်းမှုများ အပေါ် ထောင်ဘေးထွက်ဖြစ်နေမှုကြောင့် ချေပဂိုးမရရှိဘဲဖြစ်ခဲ့သည်။ သို့သော် ပွဲချိန်၇၆မိနစ်တွင် လီဗာပူးမှဂါစီယာက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။

အဆင့်သုံးနေရာ၌ရှိ

အာဆင်နယ်တို့ အနိုင်ဂိုးသွင်းနိုင်ရေးကစားအားတင်ခဲ့ရာမှ ပွဲချိန် ၇၆ မိနစ်တွင် ဂျရတ်၏အမှားဖြင့် အွန်နရီကပင် လီဗာပူး ဂိုးဧရိယာ အတွင်းမှ အနီးကပ် ကန်သွင်းယူခဲ့သဖြင့် နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ လီဗာပူးတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ၈၁မိနစ်တွင် အလွန်ဆိုနစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည်မှ လွဲပြီး ချေပဂိုးမသွင်းနိုင်ခဲ့ချေ။ လီဗာပူးတို့ ယခုပွဲရှုံးသဖြင့် ၂၉ပွဲကစား ၅၅မှတ်ရရှိရာ အဆင့်သုံးနေရာ၌ ရှိနေပြီး အာဆင်နယ်က ၂၉ပွဲကစား ၄၇မှတ်ဖြင့် တန်းစီဇယား အဆင့်ငါး၌ရှိနေသည်။

ချာလ်တန်နှင့်မစ်ဒယ်ဘရော့

မစ်ဒယ်ဘရော့တို့ အဝေးကွင်း ရှုံးခဲ့ရပြန်ပြီဖြစ်သည်။ မစ်ဒယ်ဘရော့တို့ ကစားအားကောင်းသော်လည်း အသင်းစုစည်းမှုအားနည်းခြင်းကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ချာလ်တန်တိုက်စစ်မှူး ဒါရင်ဘင့်က ၇၃ မိနစ်ရောက်မှသာ မစ်ဒယ်ဘရော့ဂိုးဧရိယာအတွင်းမှ အနီးကပ် ခေါင်းတိုက်သွင်းယူသွားခဲ့ခြင်းဖြစ်သည်။

ချေပဂိုး

မစ်ဒယ်ဘရော့တိုက်စစ်မှူးများ ဖြစ်သည့် ဗီဒူကာ၊မက်ကာရွှန်း၊ရေးပါလာနှင့် ဂျွန်ဆင်တို့ ချေပဂိုးရရှိရေးကြိုးစားရာမှ ၈၁မိနစ်တွင် မစ်ဒယ်ဘရော့ တိုက်စစ်မှူး ဗီဒူကာက ညာခြေဖြင့် ကန်သွင်းယူခဲ့သဖြင့်ချေပဂိုးရရှိခဲ့သည်။

သို့သော် ပွဲချိန် ၈၆ မိနစ်တွင် ချာလ်တန် တိုက်စစ်မှူး ဒါရင်ဘင့်ကပင် အနီးကပ်ညာခြေဖြင့် ကန်သွင်းယူလိုက်သဖြင့် ချာလ်တန်တို့ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ။

(အင်တာနက်)

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မေတ္တာရေစင်ဇီဝိတဒါနလုပ်ငန်း (၂၂)ကြိမ်မြောက်ငွေလှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ မေတ္တာရေစင် ဇီဝိတဒါနလုပ်ငန်း အလှူရှင်များ၏ (၂၂)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်၁၀နာရီက ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီး စည်းဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မေတ္တာရေစင် ဇီဝိတဒါနလုပ်ငန်း အကျိုးဆောင် အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်နှင့် အလှူရှင် ၂၄ဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်၊ ဒုတိယဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်က မေတ္တာရေစင် ဇီဝတဒါနလုပ်ငန်း၏ ရည်ရွယ်ချက်နှင့်ယင်းဆေးရုံကြီးတွင် (၅)ကြိမ်မြောက် လှူဒါန်းခြင်းနှင့် အလှူငွေကျပ် ၁၃၈၅၀၀၀ ပေးလှူရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုလွှာမှတ်တမ်းများပေးအပ်သည်။ **(အောက်ပုံ)**

အလှူရှင်များသည် လူနာ၁၂၀တို့အား ကိုယ်ထိလက်ရောက် တစ်ဦးလျှင် ကျပ်ငါးထောင်စီပေးလှူကြပြီး ဆေးပဒေသာပင်အတွက် ငွေကျပ် ငါးသိန်း၊ အာဟာရပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်း တစ်သောင်း စိုက်ထူလှူဒါန်းခဲ့ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

(၆၁)နှစ်မြောက်တပ်မတော်နေ့ကြိုဆိုဂုဏ်ပြု အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် မုံရွာ၌ကျင်းပမည်

ရန်ကုန် မတ် ၁၃

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို စစ်ကိုင်းတိုင်း မုံရွာမြို့ တိုင်းပြည်သူ့အားကစားကွင်း၌ မတ်၁၇ရက်မှစတင်၍ နေ့စဉ်နံနက်၈နာရီမှ ညရနာရီအထိ ကျင်းပသွားမည်ဖြစ်ရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ထုတ်ကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နီအိုဗွီးရှင်းမျက်စိအထူးကုဆေးခန်းနှင့် မျက်မှန်အရောင်းစင်တာဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၃

နီအိုဗွီးရှင်း မျက်စိအထူးကုဆေးခန်းနှင့် မျက်မှန်အရောင်းစင်တာ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ဗားကရာကွန်ဒို၌ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Ju Heum ၊ မျက်စိအထူးကုဆရာဝန်ကြီးဒေါက်တာသန်းဝင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်၊ သံအမတ်ကြီးနှင့် ဒေါက်တာသန်းဝင်းတို့က နီအိုဗွီးရှင်း မျက်စိအထူးကုဆေးခန်းနှင့် မျက်မှန်အရောင်းစင်တာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက်ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက နီအိုဗွီးရှင်း မျက်စိအထူးကု ဆေးခန်းနှင့် မျက်မှန်အရောင်းစင်တာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များသည် မျက်စိအထူးကုဆေးခန်းနှင့် မျက်မှန်အရောင်းစင်တာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

နီအိုဗွီးရှင်း မျက်စိအထူးကုဆေးခန်း၌ မျက်စိအထူးကုဆရာဝန်ကြီးဒေါက်တာသန်းဝင်း ဦးဆောင်ပြီး အတွင်းတိမ်အတွက် နောက်ဆုံးပေါ် ခေတ်မီစက်ကြီးများဖြင့် ၁၀မိနစ်ကြာ ခွဲစိတ်ကုသပေးလျက်ရှိပြီး ပြင်သစ်၊ အီတလီ၊ ဂျပန်၊ ကိုရီးယားမှန်နှင့် ကိုင်းအစစ်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် နီအိုဗွီးရှင်း မျက်မှန်အရောင်းစင်တာ၌ ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

မတ်၄ရက်က ရန်ကင်း အမက(၁၄)ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပရာ ပထမတန်းမှ ဒုတိယဆုရရှိသော မောင်ဖြိုးမင်းထက်အား ကျောင်းအကျိုးတော်ဆောင် ဒေါ်နွဲ့နွဲ့ရီက ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာစာဘွဲ့ရ ကျောင်းသားများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၁၃

ရန်ကုန်တက္ကသိုလ် ၁၉၆၉-၇၃ခုနှစ် မြန်မာစာအဓိကဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ အငြိမ်းစား ဆရာ ဆရာမကြီး ၁၃ဦးတို့အား စတုတ္ထအကြိမ်မြောက် ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဧပြီ၁ရက်တွင် အမှတ်၂၂၁/၂၂၃ ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီခြံ၌ကျင်းပမည်ဖြစ်သည်။ ၁၉၆၉-၇၃ခုနှစ် မြန်မာစာအဓိကဘွဲ့ရ ကျောင်းသားကျောင်းသူများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးစိုးညွန့် ဖုန်း-၅၄၂၇၁၉၊ ၅၄၂၇၂၀၊ ဦးစန်းမြင့် ဖုန်း-၂၀၀၀၁၉၊ ဗိုလ်ကြီးစိန်သော် ဖုန်း-၆၃၆၆၃၃၊ ဦးကျော်ဇေယျ ဖုန်း-၀၉၅၀၀၇၈၄၉၊ ဒေါ်ခင်ရွှေဦး ဖုန်း-၅၆၆၁၃၁၊ ၇၀၄၅၆၅၊ ဒေါ်ရီရီတာ ဖုန်း-၅၇၀၅၈၄၊ ဒေါ်နွယ်နွယ်လင်း ဖုန်း-၆၆၀၀၅၀နှင့် ဒေါ်အေးအေးမော် ဖုန်း-၆၆၀၅၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်အားအသင့်အတင့် မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် မတ် ၁၃

မတ်၁၃ရက် မြန်မာစံတော်ချိန် ၀၅နာရီ၂၉မိနစ် ၂၂စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင်၂၆၀ခန့် (ကိုကိုးကျွန်း၏ တောင်အရှေ့တောင်ဘက် ၁၇မိုင်ခန့်)ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာ(ကပ္ပလီကျွန်းစုအနီး ပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသည့် မြေငလျင်တစ်ခု လှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

အမှတ် ၉၁၊ ဗဟိုလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နေ ဦးတင်အောင်၏ဇနီး **ဒေါ်မြင့်အေး "အောင်"စက်နှင့် စက်အပိုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်** သည် ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၄ ရက် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က ပေးအပ်သည့် လူမှုထူးချွန်(ပထမဆင့်)ချီးမြှင့်ခြင်းခံရပါသဖြင့် မိသားစုနှင့် ထပ်တူလိုက်လှဲစွာ ဂုဏ်ယူ ဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း ဘာသာ၊ သာသနာ၊ လူမှုရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

- **ဦးမောင်ငယ်-ဒေါ်မြလွင်(ကျော်အော့ဖ်ဆက် မိသားစု)၊ မော်လမြိုင်မြို့၊**
- **ဦးဉာဏ်စိုး-ဒေါ်သဥ္ဇာအောင်(ရွှေနဒီပွဲရုံ မိသားစု)၊ မော်လမြိုင်မြို့၊**
- **ဦးမြင့်ဦး-ဒေါ်နန်းနွယ်ထွေး(ဝေဆာကဖီး မိသားစု)၊ မော်လမြိုင်မြို့။**



တာချီလိတ်ခရိုင်လုံးကျွတ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးဟောပြောစာအုပ်စာစောင်များပေးအပ်

တာချီလိတ် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ခရိုင်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စံပြစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉ နာရီက ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် စာကြည့်တိုက်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဇော်မိုးအေးနှင့် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ယာပုံ)**

ရည်ရွယ်ချက်

ဆက်လက်၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအကြောင်းကို ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးကလည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်တို့ကိုလည်းကောင်း ဟောပြောကြသည်။

လက်ခံယူ

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဇော်မိုးအေးက လှူဒါန်းသည့် စာအုပ်စာစောင်များကို ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးစိုးက မယ်ယန်းစံပြစာကြည့်တိုက်သို့ လည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်နှင့် ဒုတိယဦးစီးမှူး ဦးလှဌေးတို့က ကျန်ကျေးရွာစာကြည့်တိုက်များသို့လည်းကောင်း ပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက် တာဝန်ခံများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ကျေးရွာပြည်သူများအား လက်တွေ့သရုပ်ပြရှင်းလင်း

သံတွဲ မတ် ၈

နဝမအကြိမ်မြောက် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနားကို မတ် ၂ ရက် နံနက် ၁၀ နာရီက သံတွဲခရိုင် တောင်ကုတ်မြို့နယ် ခူးကျေးရွာအုပ်စု အဘောကျေးရွာတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

ရေးဦးစွာ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်က အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့်ပတ်သက်၍လည်းကောင်း၊သံတွဲခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ သန်းထွန်းက ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ သံတွဲခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဦးကပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုများတွင် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာပြည်သူများသို့ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲရေး အတွက် အိမ်သာခွက်များပေးအပ်လှူဒါန်းရာ တောင်ကုတ်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အိမ်သာခွက် ၁၀ခွက်၊ သံတွဲမြို့နယ်ဟိုတယ်လုပ်ငန်းရှင်များက အိမ်သာခွက်၃၀တို့ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့် တာဝန်ရှိသူများက ပေးအပ် လှူဒါန်းကြသည်။

ဆက်လက်၍ ယင်လုံအိမ်သာဆောက်လုပ်ခြင်းနှင့် သုံးစွဲပုံ အဆင့်ဆင့်တို့ကို ခရိုင် ဆရာဝန်ကြီး ဒေါက်တာ သန်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာပြည်သူများအားလက်တွေ့သရုပ်ပြရှင်းလင်းဟောပြောကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ညောင်တုန်းမြို့ အထက(၁) တတိယအကြိမ်မြောက် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၇ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင် ဦးခင်မောင်ညိုက သူငယ်တန်း လက်ရေးလှ ဆုရသူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (၀၉၈)

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်နှင့်အဖွဲ့ ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၂၀၀၅- ၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ထေးဒူဗျ-ကန်ခုနစ်ဆင့် ကျေးလက်ကျောက်ချောလမ်းကို ဖေဖော်ဝါရီ ၂ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။

(နယ်စပ်/စည်ပင်)

သရက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ပွဲစားလမ်း တစ်လျှောက် ပန်းအလှပင် စိုက်ပျိုးနေမှုများကို ဖေဖော်ဝါရီ ၁၅ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြို့ဝင် ဆိုင်းဘုတ်

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောက်လုပ်ထားသော မြို့ဝင် ဆိုင်းဘုတ် ပြုလုပ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းဆန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဦးကျော်ညွှန့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

နွားထိုးကြီး၌ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး

နွားထိုးကြီး ဖေဖော်ဝါရီ ၂၄

နွားထိုးကြီးမြို့နယ်တွင် ဇီဝဒီဇယ်ဆီထုတ်လုပ်ရရှိသော ခြံစည်းရိုးကြက်ဆူပင်များကို တစ်အုပ်တစ်မစိုက်ပျိုးရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် နန္ဒဝန်ပန်းခြံအတွင်း ဖေဖော်ဝါရီ ၁၃ ရက်က ခြံစည်းရိုးကြက်ဆူပင် ပျိုးကိုင်းများ ပျိုးထောင်ခြင်း၊ မျိုးစေ့ပျိုးအိတ်များဖြင့် ပျိုးထောင်ခြင်းတို့ကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ဆောင်ရွက်ကြသည်။

ယင်းခြံစည်းရိုးကြက်ဆူပင် ပျိုးပင်ပေါင်း ၃၀၀၀၀ကျော် ပျိုးထောင်ပြီးစီးမှုအခြေအနေကို မြို့နယ်အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် အင်ဂျင်နီယာ ဦးတင်မောင်အေးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(၂၁၃)

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ

၁၅-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (တာချီလိတ်မြို့နယ်မှ လိုက်ချီးစိုက်ပျိုးရေးအကြောင်း)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (မော်တင်ဘုရားပွဲတော် ဒေါ်စောမုံညင်း)

၁၂း၂၅ သူ့အတွေးနှင့်သူ့အရေး (မိမိကိုယ်ကို ကောင်းစွာဆောက်တည်ခြင်းသည် မင်္ဂလာမည်၏-ဒေါက်တာမတင်ဝင်း ပညာရေးတက္ကသိုလ်)

ညနေပိုင်း

၁၇း၃၀ အစာနှင့်အာဟာရ (ပြင်ဦးလွင်မြို့က မက်မန်း-၂)

၁၇း၄၅ သူ့လက်သံ (အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဆုရရန်ကုန်တိုင်းမှမြန်မာပြည်သားလေးဖိုးဇော်၏ ဆိုင်းလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)ကဗျာခရီးသည် မောင်ငြိမ်းအေး (ဘုတလင်)
(၂)စိန်ခေါ်လိုက်စမ်းပါ (အောင်သစ်)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး စပယ်ပင်တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် (အိပ်မက်သကြိန်တေးစီးရီး)

အာဟာရပြုလုပ်နည်း လက်တွေ့သရုပ်ပြ

ပြင်ဦးလွင် မတ် ၃

တိုင်းရင်းသား ရိုးရာ အစားအစာဖြင့် အာဟာရ ပြုလုပ်နည်း သင်တန်း လက်တွေ့ သရုပ်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက်က ပြင်ဦးလွင် ရပ်ကွက်ကြီး (၈) ပဒေသာ မြို့သစ်အမှတ် (၂၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မာကြည်က တိုင်းရင်းသား ရိုးရာ အစားအစာဖြင့် အာဟာရပြည့်ဝသော အစားအစာများကို ကိုယ် ဝန်ဆောင်မိခင်နှင့်ကလေးမိခင်များအား ချက်ပြုတ်နည်းများ လက်တွေ့ သရုပ်ပြသကြသည်။

(၂၈၀)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မတ္တရာ-အောက်ကင်းလမ်း ဖောက်လုပ် ခြင်း ကို ဖေ ဖော် ဝါ ရီ ၂၅ ရက် က အ မှု ဆောင် အ ရာ ရှိ ဦးအောင်ဖုံနှင့် အ ငယ် တန်း အင် ဂျင် နီ ယာ (၂)ဒေါ်မန်းဒေတို့ ကွင်းဆင်းကြီးကြပ်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှား မြိတ်မြို့ ခုတင် ၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံ၌ ဆောင်ရွက်

မြိတ် မတ် ၆

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂၇ရက်မှ မတ်၅ ရက်အထိ မြိတ်မြို့ ခုတင်၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံ၌ စုပေါင်းဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါလှုပ်ရှားဆောင်ရွက်မှုကို တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းကြကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ရွှေတောင်မြို့ တရားစခန်းပွဲ

ရန်ကုန် မတ် ၁၃

ပဲခူးတိုင်း ရွှေတောင်မြို့ မဟာစည်ရိပ်သာ၌ တရားစခန်းပွဲကို တပေါင်းလပြည့်ကျော် ၁၂ရက် (မတ် ၂၅ ရက်)တွင် ကျင်းပမည်ဖြစ်ရာ ပဲခူးမြို့နယ် ဘုရားကလေးစံပြကျေးရွာ အေးစေတီ ကျောင်းတိုက် ပဓာန နာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ဆရာတော်ဘဒ္ဒန္တဇဝနနှင့် မြင်းကကုန်းမြို့ ဓမ္မဂုဏ်ရည် မဟာစည်ရိပ်သာ ဆရာတော် မဟာစည်နယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တဇောတသာရ အရှင်သူမြတ်တို့ကနိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

လက်မှတ်ပေးအပ်

မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁)၏ ၂၀၀၅-၂၀၀၆ခု မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၉ရက်က ကျောင်းခန်းမတွင် ကျင်းပရာ စတုတ္ထတန်းကျောင်းသား မောင်သီဟဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးလှိုင်က သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (၂၅၉)

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၃

ကျောက်ပန်းတောင်း မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၁၈ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်း ဇာတိ ဆရာတော်ကြီး လေးပါးတို့အား ဂုဏဝိသိဋ္ဌပူဇော်ခြင်း၊ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခြင်းခံရသောလူပုဂ္ဂိုလ်များအား ထပ်ဆင့် ဂုဏ်ပြုခြင်း၊ ပညာရည်ချွန်ဆုအတွက် ပါရဂူဘွဲ့ရသူများ၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းတို့ကို တစ်ပါတည်းကျင်းပမည် ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

ကော့ထော်-မိဇ်ကျေးလက်လမ်း ကျောက်ချောခင်း ရေပြွန်ထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်

ဘားအံ မတ် ၂

ဘားအံမြို့ ကော့ထော်-မိဇ်ကျေးလက်လမ်း ကျောက်ချောခင်းခြင်းနှင့် ရေပြွန်ထည့်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၃ရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးရာ**(အောက်ပုံ)**လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေ အနေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် လုပ်ငန်းတာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဝေယံမင်းစိုးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုရှင်းလင်းတင်ပြကြကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဘိုကလေးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပန်းခြံစိုက်ပျိုးဥယျာဉ် အတွင်း ခြံစည်းရိုး ကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးမှုကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ ဦးတင့်လွင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

စိမ့်စမ်းရေပေးဝေရေး

မိုင်းယောင်းမြို့နယ် ဝမ်မန်း အုပ်စု နန့်တောင်ရွာတွင် ကိုယ့်အားကိုယ်ကိုး စိမ့်စမ်းရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

အထက(၁) မော်ဘီ အာစရိယပူဇော်ပွဲ

မော်ဘီ မတ် ၁၃

အထက(၁) မော်ဘီတွင် (၁၉၅၈ မှ ၂၀၀၅)ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူပြီးဖြစ်သည့် ဆရာကြီး ဆရာမကြီးများအား(တတိယ) အကြိမ် အာစရိယပူဇော်ပွဲကိုဧပြီ ၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အထက(၁)မော်ဘီ၌ ကျင်းပမည်ဖြစ်၍ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးမောင်ပု ဖုန်း- ၆၂၀၉၀၀၊ဦးကြည်ညွန့်ဖုန်း-၆၂၀၄၁၅၊ ကိုဌေးလွင် ဖုန်း-၆၂၀၁၅၉၊ ဒေါ်သဇင်ဝင်း ဖုန်း- ၆၂၀၁၆၂၊ ကိုမြခိုင် ဖုန်း-၆၂၀၂၁၅နှင့် ကိုနိုင်ထွန်းလတ် ဖုန်း-၆၂၀၇၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့၂၀၀၅-၂၀၀၆ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မော်ဇာကျေးရွာအုပ်စု မော်ဇာဈေးရပ် ကျေးရွာ၌ ကျေးရွာပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် တစ်လက်မခွဲ တွင်းတိမ်တူးဖော်ခြင်း လုပ်ငန်းပြီးစီးမှုကို ဖေဖော်ဝါရီ၁၈ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

သာသနာ့ဗိမာန်တော်ကြီး သန်လျင်မြို့၌ တည်ဆောက်မည်

ရန်ကုန် မတ် ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့၏ ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီးကို သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းနှင့် သမဝါယမဒီဂရီကောလိပ်လမ်းထောင့်ရှိ မြေ ၃ဧကပေါ်၌ ခေတ်မီနှစ်ထပ် အဆောက်အအုံအဖြစ် တည်ဆောက်မည်ဖြစ်သည်။

အလှူရှင်များအနေဖြင့် သာသနာ့ဗိမာန် တည်ဆောက်ရေးရုံးအဖွဲ့ ကျိုက်ခေါက်ဘုရားလမ်းနှင့် သမဝါယမဒီဂရီကောလိပ်လမ်းထောင့်နှင့် နီလာမင်းရွှေဆိုင် မြို့မဈေးအပေါ်ထပ်(သန်လျင်) ဖုန်း၀၅၆-၂၁၂၀၁နှင့် ၀၉၅၀-၁၅၀၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
ခါအုပ်ခါပေ
လေ့လာစို့

မီးငြိမ်းသတ်မှု သရုပ်ပြ

ရေစကြို မတ် ၁၀

မကွေးတိုင်း ရေစကြိုမြို့ မြို့မဈေးတွင် မီးငြိမ်းသတ်ရေးနှင့် လုံခြုံရေး မီးကင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၅ရက်က အဆိုပါဈေး၌ကျင်းပသည်။

ထို့နောက် ဈေးတာဝန်ခံ ဦးတင်ဝင်း ဦးဆောင်ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သန္ဓေမီးသတ် အရန်တပ်ဖွဲ့ဝင်များက မြို့မဈေးအတွင်း လက်တွေ့ သရုပ်ပြ ဇာတ်တိုက် မီးငြိမ်းသတ်မှုများကို ဆောင်ရွက်ကြသည်။

(၂၅၁)

ချင်းပြည်နယ်၌ လက်ဖက်တိုးချဲ့စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ဟားခါး ဖေဖော်ဝါရီ ၂၈

ချင်းပြည်နယ်အတွင်း ၂၀၀၆–၂၀၀၇ ခုနှစ် လက်ဖက်တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ၉ရက်ကဟားခါးမြို့ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာပြည်နယ်အဖွဲ့ဝင်(၁) ပြည်နယ်အုပ်ချုပ်ရေးမှူးဦးတင်မြင့်က ချင်းပြည်နယ်အတွင်း ၂၀၀၆–၂၀၀၇ ခုနှစ် မြို့နယ်အလိုက် လက်ဖက်တိုးချဲ့ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာက လက်ဖက်မျိုးစေ့ ရောက်ရှိဖြန့်ဝေပျိုးထောင်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပြည့်မီအောင်

ထို့နောက် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ချင်းပြည်နယ်အတွင်း စိုက်ပျိုးမည့် လက်ဖက်စိုက်ဧကများ စီမံလျာထားချက်အတိုင်း ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မော်လမြိုင်မြို့ သံလွင်တံတား အနီး မြို့ဝင်ဆိုင်းဘုတ် ပြုလုပ်ရန် ပန္နက်ရိုက်ခြင်းလုပ်ငန်းကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးလှမျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်မုခ်ဦးများတွင် မြေယာရှင်း၊ ပန်းအလှပင်များ စိုက်ပျိုးပြီး သန့်ရှင်းရေးများ ပြုလုပ်ခြင်းကို စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးဌေးဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ဝ၆၁)

မြင်းမူအထက်တန်းကျောင်း စေတနာညကျောင်းဖွင့်

မြင်းမူ ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး စေတနာညကျောင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ၆နာရီခွဲက အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မည်ပြုက အမှာစကား ပြောကြားပြီး မြို့နယ် ပညာရေးမှူးဒေါ်အုံးငွေက စေတနာညကျောင်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီးဒေါ်ကျော့ကျော့က ကျောင်းစည်းကမ်းများ လိုက်နာရေးတို့ကို လည်းကောင်း ပြောကြားကြပြီး ဗလာစာအုပ်၊ ဖယောင်းတိုင်ထုပ်များနှင့် လေးပေမီးချောင်းတို့ကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၄ဦး၊ သင်တန်းသူ ၁၂ဦး စုစုပေါင်း ၂၆ဦး တက်ရောက်ကြကြောင်း သိရသည်။ (၁၆၇)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင် ပျိုးကိုင်းများ ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)



စာအောင်သံဃာတော်များ ဆုနှင်းပွဲ ဘိုကလေးမြို့၌ ကျင်းပ

ဘိုကလေး မတ် ၈

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် (၂၇)ကြိမ်မြောက် ပရိယတ္တိသာသနပါလစာမေးပွဲကြီးတွင် ဖြေဆိုအောင်မြင်တော်မူကြသော သံဃာတော် အပါး၁၁၀အား စာအောင်ဆုနှင်းပွဲ အခမ်းအနားကို မတ်၅ရက် မွန်းလွဲ ၂နာရီက မြို့မဆွမ်းလောင်းအသင်းကြီး ဓမ္မာရုံ၌ ကျင်းပသည်။

ဆက်ကပ်

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က သာသနာရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့မဆွမ်းလောင်းအသင်း ဥက္ကဋ္ဌ သုဓမ္မမဏိဇောတရေ ဦးအောင်ညွန့် (လူမှုထူးချွန်)က စာမေးပွဲကြီး တိုးတက်အောင်မြင်မှုကိုလည်းကောင်း လျှောက်ထားတင်ပြပြီး စာအောင် သံဃာတော်များ တာဝန်ရှိသူများက အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်ကြကြောင်း သိရသည်။ (၃၉၄)

စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းများ မြင်းခြံ၌ မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်

မြင်းခြံ မတ် ၁၀

မြန်မာ့ရေနံရောင်းဝယ်ရေးလုပ်ငန်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုကို မတ်၄ရက်က မြင်းခြံမြို့ စက်သုံးဆီအရောင်းဆိုင်အမှတ် (ဝ၃၄၃)၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးထွန်းဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးတင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆိုင်မန်နေဂျာ ဦးစိုးမြင့်နှင့် ဆိုင်ဝန်ထမ်းများ တက်ရောက်ကြသည်။

မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ပွဲသို့ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးတင်ဦးတို့ တက်ရောက် အမှာစကားပြောကြားကြပြီး ဆိုင်မန်နေဂျာ ဦးစိုးမြင့်က စက်သုံးဆီအရောင်းဆိုင် မီးဘေးလုံခြုံရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဆိုင်ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဆေးဘူး သုံးစွဲမှုနှင့် ဆီမီးငြိမ်းသတ်မှုများကို လက်တွေ့ သရုပ်ပြလေ့ကျင့်ကြသည်။ (၄၀၂)

သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော် ရေစက်ရုံတည်ဆောက်

ကာမိုင်း မတ် ၈

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဂေါ်ရီကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မတ် ၃ရက်က မြို့နယ်တာဝန်ခံ ဦးဆန်းအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂)ဦးအေးဇော်မြင့်တို့သည် အဆိုပါလုပ်ငန်းခွင်များသို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။ (၄၁၆)

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

ကျိုက်မရောမြို့နယ် စည်ပင်သာ ယာရေးအဖွဲ့ ပိုင် ပျိုးဥယျာဉ်အတွင်း ကြက်ဆူပင် ၂၀၀၀၀ ပျိုးထောင်ထားမှုကို ဖေဖော်ဝါရီ ၁၄ ရက်ကမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့ ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

တပ်ကုန်းမြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုနှင့် မြို့နယ်ဘက်စုံ ထူးချွန်ဆုရ မခင်ကံ့ကော်ဝေအား ကျောင်းအုပ်ဆရာမကြီးက ဆုချီးမြှင့်စဉ်။ (၂၆၆)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ စည်ပင်သာယာမြို့မဈေး မီးဘေးကာကွယ်တားဆီးရေးအတွက် လက်တွေ့ သရုပ်ပြဇာတ်တိုက် လေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

အောင်မြေမန္တလာ မဂ္ဂဇင်းထုတ်ဝေရေး ညှိနှိုင်းစည်းဝေး

မန္တလေး ဖေဖော်ဝါရီ ၂၅

မန္တလေးအောင်မြေသာစံမြို့နယ် အောင်မြေမန္တလာမဂ္ဂဇင်း ထုတ်ဝေရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ၁၅ရက် နံနက် ၉နာရီက ကမ်းနားလမ်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မဂ္ဂဇင်းထုတ်ဝေရေးနာယက မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်မဂ္ဂဇင်းထုတ်ဝေရေး ကော်မတီဥက္ကဋ္ဌဦးငွေလွင်နှင့် မြို့နယ်မဂ္ဂဇင်းထုတ်ဝေရေး အတွင်းရေးမှူး ဦးထွဏ်းလှအောင်တို့က မဂ္ဂဇင်းထုတ်ဝေရေး၊ စာမူလက်ခံရေး၊ ဉာဏ်ပူဇော်ခချီးမြှင့်ရေး၊ ကြော်ငြာလက်ခံရေး၊ မဂ္ဂဇင်းရုံးခန်းထားရှိရေး ဆွေးနွေးညှိနှိုင်းကြသည်။

အောင်မြေမန္တလာမဂ္ဂဇင်းအတွက် စာမူများ၊ ကြော်ငြာများကို၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ၂၂လမ်းနှင့်၈၆လမ်းထောင့် ဖုန်း–၂၂၂၂၀ သို့ဆက်သွယ်၍ မတ်၃၁ရက်အထိပေးပို့နိုင်ကြောင်း သိရသည်။ (၁၆၂)

ပရိယတ္တိသာသနာတော်မညှိုးမှိန်စေရေး အစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ဂုဏ်ရှိန်မြင့်မားလျက် ကိုးကွယ်ခွင့်ရရှိနေ

● ရှေ့ဖုံးမှ

တက်ရောက်ကြည်ညို

ယင်းသို့ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း၍ သာသနာနုဂ္ဂဟဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အပ်နှင်းသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်အပ်နှင်းပွဲမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဆူးလေစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်နှင့် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)တို့မှ ဂေါပကအဖွဲ့ဝင်များ၊ သာသနာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဈေးမိဈေးဖများ၊ ဆွမ်းကွမ်းအလှူရှင်များ၊ သာသနာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အလှူတော်ခံယူကြမည့် ဆရာတော်ကြီးများ၊ ဆရာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၏ တပည့် ဒါယကာ ဒါယိကာမများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဓမ္မတေးများသီဆိုတီးမှုတ်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်း အပ်နှင်းပွဲ မင်္ဂလာအခမ်းအနားမစတင်မီ နံနက် ၁၁ နာရီမှ စတင်၍ နိုင်ငံတော်ဆိုင်းအဖွဲ့က သီချင်းကြီးများ၊ ဓမ္မတေးများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋက ကောဝိဒဆရာတော်ကြီးများ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊

စာမျက်နှာ ၆ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပစဉ်။ (သတင်းစဉ်)